


# အေမ

မိုးကျော်ရင်

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK



ညဥ့်သန်းခေါင်အချိန်ရောက်တိုင်း

ဝရန်တာ ထွက်ငေးတတ်သည့် ရောဂါသည်

ကျွန်တော့်ဘဝထဲရာစုနှစ်မည်မျှကြာအောင်

ဝေးလံရှည်လျားနေလေဦးမည်နည်း။

ISBN 978-99986-52-53-8
9 789998 652538 >

mgyoe.com

COVERDESIGN:NAYMYOSAY

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)

၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၄ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)

အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက်(၀၀၀၃၈)


အမှတ် ၁၉-စီ၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - နေမျိုးဆေး

တန်ဖိုး - ၁၀၅၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK



# အေမိ

မိုးကျော်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အေမိနှင့် ပတ်သက်၍ ဖွင့်ဟဝန်ခံခြင်း

(၁)

၂၀၁၇ ၊ ဒီဇင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် "အေမီ" ဟူသော ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် ရေးခဲ့ဖူးပါသည်။ အေမီသည် ကျွန်တော့်အတွက် ဝတ္ထုတို တစ်ပုဒ်သာ ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်ခဲ့မိသည်။ အေမီသည် ကျွန်တော့်ဘဝတွင် ဝတ္ထုတိုတစ်ပုဒ်မျှနှင့် ပြီးဆုံးသွားလိမ့်မည် ဟု ကျွန်တော် ထင်ယောင်မှားခဲ့သေးသည်။ သို့သော် အေမီက ကျွန်တော့်နောက် အချိန်တွေ ရှည်လျားခဲ့သည်နှင့်အမျှ လိုက်လာခဲ့လေသည်။ ကျွန်တော့်နောက်ကို လှည့်လှည့် ကြည့်မိတိုင်း အနီ ရောင် စပန့်ဂါဝန်လေး ဝတ်ထားသည့် အေမီက ရွှေရောင် တချို့ စွန်းထင်းနေသည့် ဆံပင်ရှည်ကြီးကို ရေတံခွန် တစ်ခုလို ဖြာချလျက် ထပ်ချပ်မခွာ ကပ်ပါလာမြဲ။ သည်လိုနှင့် ....။ အို ... အေမီ။

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

၂၀၀၇ .. ။

၂၀၀၇ ခုနှစ်၏ မိုးရေစက်တွေအောက်မှာ ကျွန်တော် ရန်ကုန်ကို ဒုတိယအကြိမ် ပြန်လည် ရောက်လာခဲ့လေသည်။ ကျွန်တော့်ကျောပိုးအိတ်လေးထဲ သက်တမ်းလွန်နေကြသည့် လက်မှတ် တချို့နှင့် ဟောင်းနွမ်း အိပ်မက် တစ်ခုက သိမ်သိမ်ငယ်ငယ် ခေါင်းငုံက်လျက်။ ကျွန်တော့်အစ်မ ( အစ်ကိုတစ်ဝမ်းကွဲ၏ ဇနီး) က ကျွန်တော့်ကို ကျောက်မြောင်း ရပ်ကွက်ထဲက တိုက်ခန်းတစ်ခုကို ခေါ်လာခဲ့သည်၊ ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော လူတစ်ယောက်က အပြုံးများဖြင့် တံခါးဖွင့်ပေး၏။ ပြီးတော့ သူနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော၊ သူနှင့် သွေးမတော် သားမစပ်သော လူငယ်တစ်ယောက်အတွက် အိပ်ရာ တစ်ခု ပေးခဲ့သည်။ သည်လိုနှင့် ကျောက်မြောင်းကို ကျွန်တော် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ တိုက်လှေကား အတက်အဆင်း နေရာမှာတော့ မြို့တွင်း/ နယ်ဝေး ဟု ရေးထားသော ဆိုင်းဘုတ် တစ်ခုနှင့် ဖုန်းစားပွဲလေး တစ်လုံး။

တိုက်ခန်းက သက်တမ်း သိပ်ကြာသေးပုံ မရသော်လည်း ဆေးရောင်တွေက ဟောင်းနွမ်းနေကြပြီ၊ မိုးရာသီ အုံ့ဆိုင်းမှိုတိမ် အရိပ်တွေအောက် တိုက်ခန်းလေးက အလင်းရောင်နည်းနည်းနှင့် စိုထိုင်းထိုင်း ရှိလွန်းလှ၏။ တိုက်ခန်းလေး၏ ရှေ့ဘက်ရှိ ဖိနပ်ချွတ်ရာ နေရာလည်း ဖြစ်သော ဝရန်တာလေးကို ထွက်ကြည့်လိုက်တော့ ကျွန်တော့်ရင်ဘတ်ကို ဇစ်ဆွဲဖွင့်လိုက်သလို ဟင်းလင်းပွင့်သွားသည်။ အောက်ကို ငုံ့ကြည့်လိုက်တော့ အေရိုးဗစ်နှင့် ဆင်တူသော လှုပ်ရှားမှု တချို့နှင့် ကခုန်လျက်ရှိသည့် ကောင်လေးတစ်ယောက်။ သူခုန်လိုက်တိုင်း သူ့ရင်ဘတ်ပေါ်ရှိ ဆွဲပြားကလေးက ခုန်ပေါက်လျက်။ လမ်းပေါ်မှာ ရေသန့်တွန်းလှည်းတစ်စီးက တအိအိ တွန်းသွားသည်၊ ကက်ဆက်သီချင်းသံ တချပ်ချပ်ထွက်ပေါ်လာရာက လမ်းထိပ် လက်ဖက်ရည်ဆိုင်။ လက်ဖက်ရည်ဆိုင်ကလေးနှင့် ကပ်လျက်မှာက စာအုပ်အငှားဆိုင်ကလေး။ စာအုပ်အငှားဆိုင်ကလေး၏ တံခါးဝမှာ သူငယ်တော် ပါးကွက်ပုံစံ လိုဂိုလေးနှင့် လေးထောင့်ဆန်ဆန် အညိုရောင် ဆိုင်းဘုတ်တစ်ခု။ “ဗဂျီအိမ်စာပေ” တဲ့။

ကျွန်တော့်ရင်ထဲ နွေးခနဲ ဖြစ်သွားခဲ့သည်။ ကျွန်တော့်နေရာမှန်ကို ကျွန်တော် မရှာဖွေဘဲ တွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

တကယ်တော့ ထိုနေ့ရက်များသည် ကျွန်တော့်အတွက် အဆင်ပြေမှုများဖြင့် ပြည့်နေသော ပြက္ခဒိန်စာရွက်များ မရှိခဲ့ပါ။ အိပ်မက်တွေက နီးလိုက် ဝေးလိုက်၊ လမ်းတွေက မြူတွေထဲ ဝင်သွားလိုက်၊ တောင်ထိပ် တစ်နေရာမှာ တစ်ပိုင်းတစ်စ ပြန်မြင်ရလိုက်၊ မြူတွေထဲ ပြန်ပျောက်ကွယ်သွားလိုက်ဖြင့် မောပမ်းခဲ့ရသော နေ့ရက်များသာ မှင်နီများဖြင့် ရဲပတောင်းခတ်နေခဲ့၏။

သို့သော် ထိုအခြေအနေမှာပင် ကျွန်တော်က ကျွန်တော့်နှလုံးသားကို ပုံမှန်အခြေအနေ တစ်ခု ရောက်အောင် အားတင်း ထူမတ်ခဲ့ရသည်။ ညနေ ညနေဆိုလျှင် ဗဂျီအိမ်စာပေဆိုသည့် သေတ္တာငယ်လေး ထောင်ထားသလောက် ကျယ်ဝန်းသည့် စာအုပ်အငှားဆိုင်လေးသို့ သွားမည်။ စာအုပ်ဆိုင်က ကျွန်တော်နှင့် ရွယ်တူ မိတ်ဆွေနှင့် စာအုပ်အကြောင်းတွေ ပြောကြမည်။ စကားပြောရင်း သူ့ဆိုင်ဘေး ကပ်နေသည့် လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် မှာသောက်မည်။ တချို့ညတွေဆို သူ့ဆိုင်သိမ်းချိန်စောင့်ပြီး ကျားကွက်သစ်လမ်းဘက် လက်ဖက်ရည်ဆိုင် သွားထိုင်ကြရင်း လမ်းတွေ၊ လူတွေ၊ ကားတွေ၊ တိုက်ခန်းတွေ၊ အလှတရားတွေနှင့် ဒုက္ခတရားတွေကို ငေးမောကြသည်။ တချို့ နေ့ခင်းတွေမှာတော့ ၃၃ လမ်း အပေါ်ဘလောက်က “မြိတ်” ကွန်ပျူတာ/ မိတ္တူဆိုင်လေးမှာ စာမူ တချို့ စာရိုက်ရန် အပ်ခဲ့ပြီး လေထန်ကုန်းမှာ တစ်ယောက်တည်း နာရီပေါင်းများစွာ သွားထိုင်နေခဲ့သည်။

ညအိပ်ချိန်ရောက်လျှင်တော့ ဘုရားစင်ရှေ့က ကျွန်တော့်အိပ်ရာလေးမှာ ခြင်ဆေးခွေငွေ့တွေကို ခြင်ထောင်လုပ်ရင်း မနက်ဖြန်ကို ခရီးထွက်ခဲ့ရမြဲ။ ညည အိပ်မက်တွေထဲ ကျွန်တော့်ခြေထောက် အောက်မှာပင် ကျွန်တော့်လမ်းတွေက ပျောက်ရှနေသေး၏။

သို့သော် ကျွန်တော် သည်လမ်း၊ သည်ရပ်ကွက်၊ သည်တိုက်ခန်းတွေက လူတွေ၏ ရှင်သန်မှုကို ခံစားမိခဲ့၏။ ဝရန်တာက လှုပ်ရမ်းလိုက်သည့် ခေါင်းလောင်းသံလေးကိုလည်း ချစ်ခဲ့သည်။ မနက်တိုင်းလိုလို ထိုခေါင်းလောင်းကြိုးလေးမှတဆင့် ပဲပြုတ် ဝယ်ရသည်ကိုလည်း သဘောကျခဲ့သည်။ ပျင်းပျင်းရှိတိုင်း ဝရန်တာဘက်ကို ထွက်ရပ်၍ တိုက်အောက် မြေညီထပ်က အရိုးဗစ်ကနေသည့် ကောင်လေးကိုလည်း ဖျော်ဖြေရေး တစ်ခုလို မြင်မိလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ညနေခင်းတိုင်း တိုက်ရှေ့ လာကြိုသည့် လိုက်ထရပ်ကားလေးဖြင့် လိုက်သွားခဲ့ပြီး ညသန်းခေါင်ချိန်တိုင်း ထိုလိုက်ထရပ်ကားလေးဖြင့် ပြန်ပြန်လာတတ်ကြသည့် အုပ်စုတစ်စုကိုလည်း စိတ်ဝင်စားခဲ့သည်။ ရက်သတ္တပတ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် တိုက်ရှေ့ လာရပ်တတ်သည့် ကားလေးနှင့် လိုက်လိုက်သွားတတ်သည့် ဆံပင် အရှည်ကြီးကို နှစ်ဖက်ခွဲစည်းထားသည့် ကောင်မလေးကိုလည်း သတိထားမိခဲ့သည်။ (ထိုကောင်မလေးနှင့် စာအုပ်အငှားဆိုင်တွင် တစ်ခါတစ်ရံ ဆုံတတ်ကြသေး၏။ )

( ၄ )

သည်လိုနှင့် ဆယ်စုနှစ်တချို့ လွန်မြောက်ခဲ့ပြီးနောက် ကျွန်တော်သည် ထိုလမ်းကလေးအကြောင်း အက်ဆေးတစ်ပုဒ်နှင့် ဝတ္ထုတိုတစ်ပုဒ်ကို ရေးဖွဲ့ ဖြစ်ခဲ့လေသည်။ နောက်ထပ် နှစ်အနည်းငယ် ထပ်ကြာပြီးနောက်မှာတော့ ဝတ္ထုရှည်တစ်ပုဒ်ကို ရေးဖြစ်ခဲ့ပြန်လေပြီ။ ထိုအခါက လမ်းကလေးထဲ အဆင်မပြေမှုများ၊ မပျော်ရွှင်မှုများ၊ အိပ်မက်ဝေးမှုများ၊ လမ်းပျောက်မှုများ၊ ရင်ခုန်မှုများနှင့် အတူတကွ နေခဲ့စဉ် ကျွန်တော် ရရှိပြီး သိမ်းဆည်းထားခဲ့သည့် အမှတ်ရမှုများက ကျွန်တော့်ဆီ ပြန်ရောက်လာခဲ့ကြလေ၏။ သံလိုက်တုံးကလေးဆီ သံတိုသံစနှင့် သံမှုန်လေးတွေ ပြေးလာကပ်ကြသလိုမျိုး။ တချို့က နှလုံးသားဖြင့် မှတ်သားမိခဲ့သော သတိရမှုများဖြစ်ကြပြီး တချို့ကတော့ ဦးနှောက်ဖြင့် မှတ်သားမိခဲ့သော မှတ်ဉာဏ်များ ဖြစ်ကြလေသည်။

( ၅ )

ကျွန်တော်ကလေးဘဝက ကျွန်တော်တို့အိမ်၏ မီးဖိုဆောင်နောက်မှ ကြည့်လိုက်လျှင် ပဲခူးရိုးမ တောင်တန်းကြီးကို တွေ့ရမြဲ။ ကျွန်တော်က မေမေ့ကို မေးတတ်သည်။

"မေမေ .. အဲဒီ တောင်တန်းကြီးတွေ နောက်မှာ ဘာတွေရှိလဲ"

"မေမေ အဲဒီ သစ်ပင်တွေ နောက်မှာ ဘာတွေရှိလဲ"

ကျွန်တော်သည် နောက်ကွယ်မှာ ဘာတွေရှိလဲဆိုသည့် မေးခွန်းများကို တကယ်ပင် သိချင်ခဲ့ပါသည်။ နောက်တော့ လူတွေ၏ မျက်နှာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကွယ်က အရာတွေ၊ ပတ်ဝန်းကျင် မျက်လုံးတွေက ထင်ယောင်ရိပ်တွေ၏ နောက်ကွယ်က တခြား အရိပ်စစ်စစ်တွေ၊ အပြုံးတွေ နောက်ကွယ်က ဒဏ်ရာတွေ ( သို့ )မာယာတွေကို တကယ်ပင် မေးခွန်း ထုတ်ဖြစ်ခဲ့ပါသည်။ သည်မေးခွန်းတွေသည် ကျွန်တော့်ကို စာရေးသူတစ်ယောက် ဖြစ်လာစေသော အကြောင်းပြချက် အနည်းငယ်ထဲမှ တစ်ခု ဖြစ်ပုံရပါသည်။

ပတ်ဝန်းကျင်ကို ကြည့်သော ကျွန်တော်တို့ မျက်လုံးတွေက ကြည်လင်ရန် လိုအပ်သည်ဟု ကျွန်တော် ယူဆ၏။ ထို့ထက်ပို၍ စာရေးသူ တစ်ယောက်၏ ပတ်ဝန်းကျင်ကို ကြည့်သော မျက်လုံးများက ပိုမို ကြည်လင်ရန် လိုအပ်သလို အစစ်အမှန်နှင့် ပိုမိုနီးစပ်ရန်လည်း လိုအပ်သည်ဟု ယုံကြည်ပါသည်။

သည်လို ယုံကြည်မှုဖြင့်ပင် အေမီများကို ကျွန်တော် ကြည့်ခဲ့ပါသည်။ အေမီများကို ကျွန်တော် ဖွဲ့ဆိုပါသည်။

( ၆ )

ကျွန်တော်သည် အေမီကို ဝတ္ထုတိုတစ်ပုဒ်မျှဖြင့်ပင် ကျွန်တော့်ဘဝတွင် ပြီးဆုံးပြီဟု ထင်ယောင်မှားခဲ့မိပါသည်။ သို့သော် အေမီသည် ဝတ္ထုတိုတစ်ပုဒ်မျှနှင့် မပြီးဆုံးခဲ့ပါ။ ကျွန်တော့်နေ့ရက်တွေ ရှည်လျားခဲ့သလောက် အေမီက ကျွန်တော့်နောက် လိုက်လာခဲ့လေသည်။ အို ..အေမီ။ ။

( ၇ )

အေမီကို ဝတ္ထုရှည် ရေးဖြစ်အောင် တိုက်တွန်းခဲ့ကြသော ရေးဖော်မိတ်ဆွေ၊ ဆရာသမားများ၊ ကျွန်တော့်အတွက် စာပေလောကတံခါးကို စတင်ဖွင့်လှစ်ပေးခဲ့သည့် ဆရာဦးဝင်းငြိမ်း၊ ညီတစ်ယောက်လို အရာရာ စောင့်ရှောက်ကူညီသည့် ဆရာဖူးကျော်၊ အေမီကို ထုတ်ဝေပေးခဲ့သည့် အစ်မ မပိုင်း ( ကံ့ကော်ဝတ်ရည်စာပေ)နှင့် ကျွန်တော့်ကလောင်နာမည်ကို စာမျက်နှာတွေထက် ရေးထိုးခွင့်ပေးခဲ့ကြသည့် စာနယ်ဇင်း အယ်ဒီတာများကို အထူး ကျေးဇူးတင်ရပါသည်။

ထို့အပြင် ကျွန်တော့်ကို အနုပညာဗီဇနှင့်အတူ မွေးဖွားပေးခဲ့ကြသည့် မိဘနှစ်ပါး၊ စာရေးသူ တစ်ယောက်၏ နားလည်ရခက်မှုများကို ကြိုးစား နားလည်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးခဲ့သည့် ချစ်ဇနီး မဆွေဇင်လင်းနှင့် ကျွန်တော် လူမှုကွန်ယက်မှာ ရေးတင်သမျှ စာတိုပေစများမကျန် အားပေး ဖတ်ရှုခဲ့ကြသည့် စာဖတ်သူ မိတ်ဆွေများကိုလည်း အထူး ကျေးဇူးတင်ရပါကြောင်း မမေ့မလျော့ မှတ်တမ်းတင်လိုက်ပါသည်။ ။

လေးစားစွာဖြင့်
မိုးကျော်ဇင်
၅ / ၂ / ၂၀၂၄
ပင်လယ်ပြင်တစ်နေရာ

mgyoe.com

mgyoe.com SAMPLE BOOK

**အေမီရဲ့ နိဒါန်း**

အေမီ ဘယ်က လာသလဲ။ ကျွန်တော် မသိပါ။ သို့သော် အေမီ စတင် ရောက်လာသည့် နေ့ကိုတော့ ကျွန်တော် မှတ်မိနေပါသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

- ၁ -

၂၀၀၇

ကျွန်တော်က တိုက်ခန်း ဝရန်တာမှာ လက်ထောက်ရင်း စနေနေ့၏ နေ့လယ်ခင်းကို ငုံ့ကြည့်နေမိသည်။

သည်တိုက်ခန်းလေးတွင် ကျွန်တော် အကြိုက်ဆုံး နေရာကို ပြောပါဆိုလျှင် ပေါလစ်ဆေးသားတို့ ပြယ်လွင့်နေပြီး ညစ်ထေးထေး ဖြစ်နေသည့် အထပ်သားအိပ်ခန်း မဟုတ်ပါ။ ပန်းချီဆေးနံ့များ၊ စာအုပ်များ၊ ပန်းချီကားချပ်များ အစီအစဉ်မဲ့ အတူတကွ နေထိုင်နေကြသော ဧည့်ခန်းနေရာလည်း မဟုတ်ပါ။ အနံ နှစ်ပေ၊ အလျား ခုနစ်ပေခန့် ကျယ်ဝန်းသော တိုက်ခန်း မျက်နှာစာရှေ့ရှိ ဝရန်တာလေးသာ ဖြစ်ပါသည်။ သည်ဝရန်တာလေးသည်သာ ကျွန်တော့်အတွက် တစ်ခုတည်းသော ပြတင်းပေါက်လည်း ဖြစ်နေသည်လေ။ ကျွန်တော့်အရင် နေထိုင်သွားကြသော လူတွေ မသယ်လိုတော့၍ ထားရစ်ခဲ့သော၊ ကျွန်တော် အမည်မသိသော ဂမုန်းပန်းအိုးလေး ရှိနေသည့် သည်ဝရန်တာလေးသည်သာ ကျွန်တော့်အတွက် ဥယျာဉ်လေးတစ်ခု ဖြစ်နေသည်လေ။ ပြီးတော့ အနီရောင် နိုင်လွန်ကြိုးလေးနဲ့ ချိတ်ထားသည့် ခေါင်းလောင်းကလေးက ဝရန်တာလက်ရန်းမှာ မေးတင်လျက်၊ သည်ခေါင်းလောင်းကြိုးကလေးကလည်း ကျွန်တော့်အတွက် တယ်လီဖုန်းတစ်လုံးနီးပါး အရေးတကြီး အသုံးဝင်သည် မဟုတ်လား။

mgyoe.com

 mgyoe.com SAMPLE BOOK 

ထို့ကြောင့်ပင် အချိန်ရသည်နှင့်၊ တစ်နည်းအားဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် အခွင့်အရေး ပေးလိုက်သည်နှင့် ကျွန်တော်သည် သည်ဝရန်တာ လေးဆီ နေ့နေ့ညည ရောက်ရောက်လာတတ်မြဲ။

အခုလည်း စနေနေ့၏ နွေနေ့လယ်ခင်းသည် ငါးလွှာမြောက် တိုက်ခန်း တစ်ခန်း၏ ဝရန်တာရှိ ကျွန်တော့်မျက်လုံးတွေကို ညှို့ငင်ထားလေပြီ။ ဝရန်တာ မှာ သံပန်းကွက်များ ကာရံတပ်ဆင်ထားခြင်း မရှိသောကြောင့် ပြင်ပကို လွတ်လွတ်လပ်လပ် ကြည့်ခွင့်ရသည်။ ထိုအတွက် တိုက်ခန်းပိုင်ရှင်ကို ကျေးဇူး တင်မိပါသည်။

ဝရန်တာမှာ ရပ်၍ အောက်ကို ငုံ့ကြည့်လိုက်သည်နှင့် ကျွန်တော် ပထမဆုံး မြင်ရတတ်လေ့ ရှိသော မြင်ကွင်းမှာ လင်းလင်း၏ ဖျော်ဖြေမှုသာဖြစ်၏။ ညအိပ်ချိန်တွေမှ လွဲ၍ ဘယ်အချိန် ငုံ့ကြည့်ကြည့် သူတို့နေထိုင်သည့် မြေညီထပ် တိုက်ခန်း၏ ရှေ့မှာ လင်းလင်းကို တွေ့ရမြဲ ဖြစ်သည်။ တစ်ခါတလေ ပါးစပ်ထဲ တွေ့ကရာသီချင်းတွေ အော်ဆိုနေခြင်း ဖြစ်ပြီး တစ်ခါတလေတော့လည်း သူ့ လက်သည်းလေးတွေကို တတိတိကိုက်ရင်း လမ်းသွားလမ်းလာတွေကို ကလေး ငယ် တစ်ယောက်လို အပြစ်ကင်းသော မျက်နှာလေးပေါ်မှ ပြူးကြောင်ကြောင် မျက်လုံးလေးတွေနှင့် လိုက်ငေးနေတတ်ပြန်သည်။

အခုလည်း လင်းလင်း၏ ဖျော်ဖြေမှုအစီအစဉ်က စတင်နှင့်နေပြီ ဖြစ်၏။ ဖျော်ဖြေမှု အမျိုးအစားက အရင့်အရင်ကလည်း သူ မကြာခဏ တင်ဆက် လေ့ရှိသည့် အေရိုးဗစ်အက ဖြစ်လေသည်။

"တစ် ... နှစ် ... သုံး ... လေး ..."

သူ့ပါးစပ်က နံပါတ်စဉ်တွေကို သူမှတ်မိသမျှ သူတတ်နိုင်သမျှ မပီမသ အော်ရွတ်ရင်း မိန်းကလေးတွေ အေရိုးဗစ်ကသလို ကနေခြင်း ဖြစ်သည်။ လင်းလင်း ဝတ်ထားသည်မှာ အမျိုးသမီးတွေ အားကစားလုပ်သည့်အခါ ဝတ်လေ့ ရှိသည့် ဒူးဖုံးအသားကပ် ဘောင်းဘီ ဖြစ်သော်လည်း လင်းလင်း ပေါင်လုံးလေး တွေက ထိုဘောင်းဘီတွေထဲ အနည်းငယ် ချောင်နေသည်။ သူ ခုန်လိုက်တိုင်း သူ့လည်ပင်းတွင် ကြိုးနှင့် ဆွဲထားသည့် သတ္တုဆွဲပြားလေးကပါ သူ့ရင်ဘတ် ပေါ် ခုန်ပေါက်လျက်။ ထိုသတ္တုဆွဲပြားလေးပေါ်မှာ သူ့နာမည်၊ နေရပ်လိပ်စာ နှင့် ဖုန်းနံပါတ်ကို ထွင်းရေးထားသည်။ ခန္ဓာကိုယ်ထက်စာလျှင် အနည်းငယ်

mgyoe.com

mgoe.com SAMPLE BOOK

သေးနေသလို ဖြစ်နေသည့် သူ့ဦးခေါင်းထက်မှ ဆံပင်ပါးပါး စင်းစင်းလေးတွေကလည်း လိုက်လံခုန်ပေါက်နေကြလျက်။ လက်ပြင် အနည်းငယ်ကိုင်းသလိုရှိပြီး သူ့ ဦးခေါင်းလုံးလုံးလေးက သူ့ပခုံးတွေထဲ ပြန်ဝင်လုမတတ် ထင်နေရ၏။

လမ်းသွားလမ်းလာ တချို့က လင်းလင်းကို ကွက်ကြည့်ကွက်ကြည့် ကြည့်သွားတတ်ကြသော်လည်း လင်းလင်းမျက်လုံးနှင့် ရင်ဆိုင်လိုက်ရသည်နှင့် ကမန်းကတန်း မျက်နှာလွှဲသွားတတ်ကြ၏။ တချို့ကလည်း သည်တိုက်ရှေ့ကို ရောက်၍ သည်ဘက်ကို လှည့်ကြည့်လျှင် "မီးသွေး ရောင်းသည်" ဟူသော အဓိပ္ပာယ်ဆို၍ ပလတ်စတစ်လောင်းထားသော ဆိုင်းဘုတ်လေးနှင့်အတူ သည်ကောင်လေးကို တွေ့ရတတ်သည်မှာ သမားရိုးကျ ဖြစ်စဉ်တစ်ခုဟု လက်ခံထားကြပြီး ဖြစ်သည့်အတိုင်း ဘာမှ မထူးခြားသလို ဆက်လျှောက်သွားကြမြဲ ဖြစ်သည်။

တိုက်ခန်း လှေကားရင်းနားမှာတော့ ပလတ်စတစ် လောင်းထားသော နောက်ထပ် ဆိုင်းဘုတ်လေး တစ်ခုက ဖွင့်ထားသည့် တိုက်ခန်းလှေကားသံပန်းတံခါးမှာ တွဲလောင်းလေး ချိတ်လျက်။ "မြို့တွင်း/ နယ်ဝေး" ဟု ကွန်ပျူတာစာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်လေးမှန်း ကျွန်တော် အလိုလို သိနေပါသည်။ ပြီးတော့ တစ်စွန်းတစ်စ ထွက်နေသော မုန့်စင်ကလေးပေါ်မှာ ပေါင်မုန့်ထုပ်များနှင့် အဆင်ပြေသလို ချခင်းထားသည့် ဖိုင်ဘာခွေးခြေခုံမြင့်ကလေး သုံးလုံး။ တကယ်တော့ သည်တိုက်နှင့် အနီးတစ်ဝိုက် လူအချို့ အတွက် သည်အခင်းအကျင်းမှာ တိုက်လှေကားအောက် ရေမော်တာများ ထားရာ နေရာတွင် အတင်း တိုးဝှေ့တည်ဖွဲ့ထားသည့် လေးလွှာမှ မဖြူ၏ စတိုးဆိုင်နှင့် ဆက်သွယ်ရေး စခန်းကြီးပဲ ဖြစ်သည်။

"နွားနို့... နွားနို့ ......"

ယောကျ်ားတစ်ယောက်၏ အော်သံစူးစူးရှရှက လမ်းကလေးထဲအားပြင်းပြင်း ရိုက်ခတ်သွားသည်။ သည်အော်သံသည်လည်း သည်လိုအချိန်ဆိုလျှင် သည်လမ်းကလေးထဲ ရောက်ရောက် လာနေကျ။

လှမ်းကြည့်လိုက်သောအခါ ကျွန်တော် အလွတ်ရနေသည့် လိုက်ထရပ်ကားတစ်စီးက လမ်းတစ်ဖက်ခြမ်းမှာ ရပ်ထားပြီး တိုက်ခန်းတွေပေါ် ခေါင်းမော့၍ လည်ပင်းကြောတွေ ထောင်နေအောင် အော်နေသော လူတစ်ယောက်ကို ပုဆိုးတိုတိုနှင့် တွေ့လိုက်ရသည်။ ပါးစပ်က အော်နေသော်လည်း သူ့လက်တွေ

mgoe.com

mgyoe.com

SAMPLE BOOK


ကလည်း ငြိမ်နေသည် မဟုတ်။ ကားနောက်မြီး နွားနို့သံဖြူပုံးထဲမှ တစ်ယောက်က ခပ်ယူထည့်ပေးသော နွားနို့ထည့်ထားသည့် ပလတ်စတစ်အိတ်ကို ကျွမ်းကျွမ်းကျင်ကျင် စည်းနှောင်နေပြန်သည်။ ပြီးသည်နှင့် နွားနို့လှမ်းမှာသော တိုက်ခန်းဝရန်တာတွေ၏ တွဲလောင်းကျနေသည့် ခေါင်းလောင်းကြိုးလေးတွေမှ တစ်ဆင့် ချိတ်တင်ပေးလိုက်ပြန်သည်။ သည်လူက သည်လို လုပ်ငန်း အဆင့်ဆင့်တွေကို တစ်ယောက်တည်း ဇယ်ဆက်သလို လုပ်နေခြင်းဖြစ်ပြီး ကြည့်၍ပင် ကောင်းနေပြန်သည်။

ခပ်လှမ်းလှမ်းမှာတော့ လမ်းချိုးတစ်နေရာမှ ကွေ့လာသည့် ရေသန့်ဘူးလှည်းကြီး။ လှည်းကို တွန်းလာသူက လူကောင်ခပ်သေးသေး။ သူ့ကို သည်ရပ်ကွက်၊ သည်လမ်းထဲမှာ မကြာမကြာ တွေ့ရတတ်သည်။ ဆန်ဆိုင်က ဆန်အိတ်ဝယ်၍ တိုက်ခန်းအထိ လာထမ်းပို့ပေးလျှင်လည်း သူ၊ ရေသန့်မှာ၍ လာပို့လျှင်လည်း သူ။ ညနေခင်းရောက်၍ ဗီဒီယိုအခွေ သွားငှားလျှင်လည်း အခွေအငှားဆိုင်မှာ တောက်တိုမည်ရ ကူညီပေးနေသည့် ဝန်ထမ်းက သူ ဖြစ်နေပြန်သည်။

"အင်း ... ဒုက္ခ... ဒုက္ခဟဲ့..."

ရုတ်တရက် ထွက်လာသည့် ညည်းညူသံကြောင့် ကျွန်တော့်ဦးခေါင်းက ဘယ်ဘက်ကပ်လျက် တိုက်ခန်းဝရန်တာဆီ ဖျတ်ခနဲ ရောက်သွားသည်။ ပထမဆုံး မြင်လိုက်ရသည်က ဝရန်တာမှာ တန်းထားသည့် ဝါးလုံးတန်းပေါ် ချိတ်ဆွဲထားသည့် အမျိုးသမီးဝတ် အင်္ကျီရောင်စုံများဖြစ်ပြီး နောက်ထပ် မြင်လိုက်ရသည်က ထိုအဝတ်အစားတွေကြားမှ တငွေ့ငွေ့ထွက်လာသည့် စီးကရက်ငွေ့တွေပင်။ အသံရှင်သည် ကိုယ်ထင်ပြမလာသေး။

"ဟုတ်... အန်တီ"

ကျွန်တော်က စကားထောက်အဖြစ် အလိုက်တသိ လုပ်ပေးလိုက်ရသည်။ ဘာကြောင့် ဒုက္ခဟု ညည်းညူ ရေရွတ်လိုက်သည် ဆိုတာကိုတော့ မသိ။ သိစရာလည်း သိပ်မလိုဟု ထင်သည်။ သည်လို အသံတွေက ကျွန်တော့်အတွက် အဆန်းမှ မဟုတ်ဘဲ။ ပြီးတော့ ကျွန်တော် ငေးလက်စ လမ်းမြင်ကွင်းကို ဆက်ငေးနေလိုက်သည်။

mgyoe.com

mgyoe.com

ထိုဝရန်တာသည် ကျွန်တော့်အတွက် တစ်ခုတည်းသော အိမ်နီးချင်း ဖြစ်၏။ နယ်မြို့တွေက ခြံတွေမှာ ခြံစည်းရိုးကျော်၍ အိမ်နီးချင်း အချင်းချင်း စကားပြောကြသလို ရန်ကုန်မြို့၏ သည်လို တိုက်ခန်းတွဲတွေမှာတော့ သည်လို သံပန်းကွက်တွေကို ကျော်၍ ဟိုဘက်ဝရန်တာ၊ သည်ဘက် ဝရန်တာ စကား လှမ်းပြောကြသည်ကိုက အိမ်နီးချင်း ဆက်ဆံရေးတစ်မျိုး ဖြစ်သည်။ တကယ် တော့ သည်လို ဆက်ဆံရေးမျိုးသည်ပင် တိုက်ခန်းတိုင်း ရှိကြသည် မဟုတ်။ တိုက်ခန်းရှေ့ တံခါးမအဖွင့် တိုက်ဆိုင်နေလျှင်တောင်မှ မျက်နှာချင်း မဆုံမိ အောင် ကြိုးစား ရှောင်တိမ်းနေကြရသော လူတွေကလည်း အများသား။

"မသီပြောပါတယ်... မသီ..."

ဘေးဝရန်တာဘက်က အသံက ထပ်ထွက်လာပြန်သည်။ တစ်ဆက် တည်း ဝရန်တာတွင် လှန်းထားသည့် အမျိုးသမီး အဝတ်ရောင်စုံတွေ ရှဲခနဲ ဘေးရောက်သွားပြီး အန်တီမိမိတင်၏ မျက်နှာက ဘွားခနဲ ပေါ်လာသည်။ အန်တီ မိမိတင် မျက်နှာက စီးကရက်ငွေ့တွေနှင့် ယှက်လိမ်လျှက်။ မျက်မှန်တပ်ထား သော မျက်နှာက ခပ်မင့်မင့်။ မျက်မှန် စိုက်ကျမည် စိုးသောကြောင့်လား၊ အကျင့် ပါနေသောကြောင့်လား မသိ၊ အန်တီမိမိတင်ကို တွေ့လိုက်တိုင်း သည်လို မျက်နှာ ခပ်မင့်မင့်ကို တွေ့ရတတ်မြဲ၊ တစ်ချိန်က ညွှန့်မှူးကတော် ဟူသော ရွှေထီးဟောင်း ပုံပြင်နှင့် စင်ကာပူကို ရောက်နေကြသည့် သမီးနှင့် သမက်၏ လစဉ်ပို့ငွေဖြင့် သက်သောင့်သက်သာ နေနိုင်ထိုင်နိုင်သော ဘဝ အခြေအနေကလည်း သည်လို မျက်နှာမျိုးကို ဖန်တီးပေးထားခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

"အန်တီသီ ဘာဖြစ်လို့လဲ"

အန်တီသီ ဆိုသည်က လင်းလင်းအမေ ဒေါ်သီကို ပြောခြင်း ဖြစ်သည်။ မျက်လုံးပြူးပြူး၊ အသားညိုညို၊ ပါးစပ်ပြုပြုနှင့် ဆံထုံးကို ဦးခေါင်းအလယ် လောက်မှာ တည့်တည့် ထုံးထားတတ်သည်။ တစ်ခါတစ်ခါတော့ မြေညီထပ်က သူ့တိုက်ခန်းရှေ့ထွက်၍ ဆံပင်ဖားလျားချကာ ခေါင်းဖြီး နေတတ်သည်ကို တွေ့ရ တတ်သေး၏။ အမြဲတစေ အားငယ်နေတတ်ပုံရသော မျက်နှာနှင့် အသံ ကျယ်သော်လည်း စကားပြော ရိုးသားပုံရသော ဒေါ်သီ၏ ထင်ရှား၍ တစ်ခုတည်း သာ ရှိသည့် ဂုဏ်ပုဒ်မှာ သည်တိုက်၏ မြေရှင်ဆိုသော အမည် ဖြစ်လေသည်။

mgyoe.com

"မသိဖြစ်လို့ရယ် မဟုတ်ပါဘူးကွာ... ဟော ဟိုကောင်လေး လင်းလင်းကို တွေ့မိလို့ပါ။ လင်းလင်းလေးကို တွေ့တော့ ဒီကလေးရဲ့ ဒုက္ခကို တွေးမိတယ်။ ဒီကလေးရဲ့ ဒုက္ခက မသိရဲ့ ဒုက္ခပဲ မဟုတ်ဘူးလားဟဲ့... အင်း..."

အန်တီမိမိတင်က သောက်လက်စ စီးကရက်ကို ရဲနေအောင် ဆိုးထားသည့် နှုတ်ခမ်းနှစ်ခုကြား တပ်လိုက်ပြန်၏။ ပြီးတော့ စီးကရက်မီးခိုးငွေ့တွေက ကျွန်တော့်တိုက်ခန်း ဝရန်တာဘက်ဆီ အင်ဂျင်ကျနေသော ကားအိတ်ဇောငွေ့တွေလို လုံးခနဲ လွင့်လာကြပြန်သည်။

"ဟုတ်တယ်နော် အန်တီ"

တကယ်တော့လည်း အန်တီမိမိတင် ပြောသည်က မှန်သည်။ ဒေါ်သီက မုဆိုးမဘဝနှင့် သား သမီး သုံးယောက်ကို ပင်ပန်းတကြီး သယ်ဆောင်နေရလေသူ။ ပင်လယ်ပြင်မှာ လက်ထိုးလှော်နေရသည့် သစ်သားလှေငယ်ကလေး။ သားသမီး သုံးယောက်မှာ သားအကြီးက အမေရိကန် ရောက်နေသော်လည်း မည်သည့် အကူအညီမှ ရောက်လာပုံ မပေါ်။ ဟိုမှာ အိမ်ထောင်ကျနေပြီဟု သိထားရသည်။ အလတ်ဖြစ်သူ လင်းလင်းကတော့ အခု မြင်နေရသလို ဖြစ်နေပြီး အပျိုပေါက်လေး ဖြစ်နေသည့် အငယ်ဆုံးမလေးက လင်းလင်းကို ပြန်ထိန်းနေရသည့် အဖြစ်။

"ကိုဇေ... မင်း သိလားကွ... သားသမီးကံမျှား ကြောက်စရာ ကောင်းလိုက်တာ"

ကျွန်တော် သိလိုက်ပြီ။ အန်တီမိမိတင် ဇာတ်လမ်း တစ်ခုကို အစပျိုးနေပြီ။ ခက်သည်က သည်ဇာတ်လမ်းကို ကျွန်တော် အကြိမ်ကြိမ် ကြားဖူးနေကျ။ အကြိမ်ကြိမ်ကြားဖူးအောင် ပြောပြခဲ့သူကလည်း တခြားသူ မဟုတ်၊ အန်တီမိမိတင် ကိုယ်တိုင်ပင် ဖြစ်နေခြင်းက ငြီးငွေ့စရာ ဖြစ်စေလေသည်။ သည်ဇာတ်လမ်း၏ နောက်ဆုံး အဆုံးသတ်သည် အဝေးရောက်နေသည့်၊ သူ့ကိုလည်း လစဉ် ထောက်ပံ့နေသည့် တစ်ဦးတည်းသော အိမ်ထောင်သည် သမီးအပေါ် အလိုမကျမှုတို့ဖြင့် နိဂုံးချုပ်သွားမည်ကိုလည်း ကျွန်တော် ကြိုသိနေသည်က ပို၍ ငြီးငွေ့စရာ ဖြစ်စေ၏။

သို့သော် ကျွန်တော့် တစ်ဦးတည်းသော အိမ်နီးချင်းကို ငြင်းပယ်၍ မရမှန်း ကျွန်တော် သိထားပြီးခဲ့ပြီပဲ။

mgyoe.com

mgyoe.com

"ဟုတ် ... အန်တီ"

"မသီက ဒီတိုက်ရဲ့ မြေရှင်လေ... သိတယ်မို့လား၊ ကန်ထရိုက်တိုက်ဆောက်တော့ မြေရှင် မသီက လေးခန်းရတယ်။ အဲ.. သားကြီးလုပ်တဲ့သူက ယူအက်စ်သွားမယ်၊ ယူအက်စ်သွားမယ် လုပ်တာနဲ့ တိုက်ခန်းတွေ တစ်ခန်းပြီး တစ်ခန်းရောင်းပေးလိုက်ရတာ။ ဟော... အဲအကောင်လည်း ယူအက်စ်ရောက်ရော မုဆိုးမမသီလည်း အခု သူနေတဲ့ မြေညီထပ်က ကြက်လျှာစွန်း အခန်းလေး တစ်ခန်းပဲ ကတ်သတ်ကျန်တော့တာရယ်။ တိုးလာတာ ဆိုလို့ သူ့တိုက်ရှေ့ ချိတ်ထားတဲ့ မီးသွေးရောင်းသည် စာတန်းတစ်ခုပဲ တိုးလာတာ ရှိတာ"

အန်တီမိမိတင်က အားရပါးရ တစ်ချီတစ်လောပြောပြီး နောက်တစ်ချီအတွက် အားယူသည့် အနေဖြင့် စီးကရက်တိုကို ထပ်ဖွာလိုက်ပြန်သည်။ ပြီးတော့ တိုက်ခန်းဝရန်တာ လက်တန်းပေါ် စီးကရက် ညှပ်ထားသည့် လက်ကို ဆန့်တင်လိုက်၏။

"မင်း သိလား... ကိုဇေ"

"ဟုတ်ကဲ့ အန်တီ"

ကျွန်တော်က သိပြီးသား ဇာတ်လမ်း ဖြစ်သော်လည်း တစ်ခါမှ မကြားဖူးသော အံ့အားသင့်ဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို အခုမှ စတင်ကြားဖူးသည့် ဟန်ဖြင့် အသံကို တက်ကြွအောင် လုပ်ယူလိုက်ရသည်။ အန်တီမိမိတင်က အရေပြားတွေ တွန့်လိပ်စပြုနေသည့် သူ့လည်တိုင် သွယ်သွယ်လေးကို ဆန့်တန်းလိုက်ပြန်သည်။

"အခုတော့ မသီခမျာ... သူ့သားကြီး ဖုန်းတစ်ခါလောက် ဆက်လာရင်များ ပီတိတွေ ဖြစ်လို့၊ ဒါ ဖုန်းဆက်ရုံ ဆက်တာနော်။ ငွေပို့တာ မဟုတ်သေးဘူး။ ပို့တယ်လို့လဲ တစ်ခါမှ မကြားဖူးသေးဘူး။ အဲဒါပဲကွ... သားသမီးကံဆိုတာ။ ပြီးတော့ ..."

အန်တီမိမိတင်က မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပြန်သည်။ ကျွန်တော်က နောက်ထပ် ဇာတ်လမ်းတစ်ပုဒ် ထပ်မဆက်မီ တိုက်ခန်းအတွင်းထဲ ဝင်ဖို့သည်သာ တစ်ခုတည်းသော ထွက်ပေါက် ဆိုသည်ကို ဖျတ်ခနဲ တွေးမိလိုက်၏။ သို့သော် ကျွန်တော် နောက်ကျသွားပါသည်။

"ဟဲ့... ကိုဇေ... ဟိုမှာ ကြည့်စမ်း... ဟိုမှာ... ဟိုမှာ... "

mgyoe.com

mgyee.com SAMPLE BOOK

အန်တီမိမိတင်က တိုက်အောက် လမ်းဘက်ကို လှမ်းကြည့်ရင်း စီးကရက်ညှပ်ထားသော လက်ဖြင့် ညွှန်ပြသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ အခုမှ ရပ်လိုက်ဟန်တူသော လိုက်ထရပ် ကားတစ်စီး။ ထူးခြားသည်က ကားနောက်ခန်းထဲမှာ ပစ္စည်းပစ္စယတွေ ပြည့်နေရုံမက စပရိန်မွေ့ရာကြီး တစ်ခုမှာ ကားနောက်ဘက်ကို တစ်စွန်းတစ်စ ထိုးထွက်နေသေး၏။ ထို့နောက် ကားနောက်ခန်းထဲမှ ခုန်ချထွက်လာသော လူတချို့။ တစ်ပြိုင်နက်တည်းမှာပင် ကားရှေ့ခန်းတံခါးတွေ ပွင့်လာ၍ တစ်ဘက်က ကားမောင်းသူ တစ်ယောက် ထွက်လာပြီး ပုဆိုးပြင်ဝတ်နေသည်။ တံခါး တစ်ချပ်ဘက်မှာတော့ ဝင်းဝါသွယ်လျသော ခြေတံလေး တစ်ချောင်း အရင်ထွက်လာ၏။ ပြီးမှ ရွှေဝါရောင်တွေ စွန်းပေနေသည့် ဆံပင်ရှည်ကြီးကို နှစ်ဖက်ခွဲစည်းထားသည့် ကောင်မလေး တစ်ယောက်၏ မျက်နှာ။ သူ ကားပေါ်က လုံးဝဆင်းလိုက်မှပင် ဂျင်းဘောင်းဘီ တိုကပ်ကပ်လေးအောက်မှ လွတ်လွတ်လပ်လပ် ဖွံ့ဖွံ့စားစား တိုးထွက် လှုပ်ရှားနေကြသည့် ပေါင်တံဝင်းဝင်းလေး တစ်စုံက ထင်းလျက်။ ပြီးတော့ နောက်တစ်ယောက်။ ပြီးတော့ နောက်တစ်ယောက်။ ပြီးတော့...။

ဆံပင်ရွှေရောင်မလေး ကားရှေ့တံခါးမှ ဆင်းလာဟန်သည် လိပ်ပြာလေး တစ်ကောင် လှောင်အိမ်ထဲက တစ်ဟုန်ထိုး ပျံထွက်လာပုံနှင့် ပိုတူနေ၏။ ပြီးတော့ ကောင်မလေး၏ တစာစာ မြူးထူးနေသည့် အော်ဟစ် စကားပြောသံ၊ သူတို့အချင်းချင်း ရယ်မောသံတွေက ကျွန်တော်တို့ ငါးလွှာ တိုက်ခန်းဝရန်တာတွေအထိ ပျံ့ဝဲ လွင့်တက်လာ၏။

"လူသစ်တွေ ထင်တယ်"

အတွေ့အကြုံ များနေသည့် အန်တီမိမိတင်က သူ့ဘာသာ ပြောနေသည့် လေသံမျိုးဖြင့် မှတ်ချက်ချသည်။

"ဟုတ်မယ် အန်တီ"

သည်တစ်ခါတော့ ကျွန်တော် စိတ်ပါလက်ပါ ထောက်ခံလိုက်ခြင်းပင် ဖြစ်၏။

"မင်းတို့ဘက်အခြမ်းက ခုနစ်လွှာကို ပြောင်းလာကြတာပဲ ဖြစ်မှာပါ။ အဲဒီအခန်း ငှားမယ် ငှားမယ် လေသံပစ်နေတာ ကြာပြီ"

ဟုတ်ပါသည်။ သည်ရပ်ကွက်မှာတော့ ကိုယ်ပိုင်တိုက်ခန်းနေသူနှင့်

mgyee.com

mgyoe.com  SAMPLE BOOK 

အငှားနေသူ စာရင်းချ ကြည့်လျှင် ငှားရမ်းနေထိုင်သူများက ပိုများမည်ဟု ကျွန်တော် မကြာခဏ တွေးဖူးသည်။ နယ်မြို့ အသီးသီးမှနေ၍ ရန်ကုန်မြို့ပြကြီး တွင်သာ သူတို့၏ လှေကားတွေ ရှိနေမည်ဟု ယုံကြည်ကြသော လူငယ်မြောက်မြား စွာတို့အတွက် ကျောက်မြောင်း ရပ်ကွက်သည် သွားရေးလာရေး လွယ်ကူသော၊ ပလာဇာ၊ မင်္ဂလာဈေး စသည့် ဈေးများနှင့် နီးသော၊ တိုက်ခန်းငှားရမ်းခ သင့်တင့်သော စသည့် အကြောင်းပြချက်များစွာတို့ဖြင့် အလွယ်တကူ ရွေးချယ်လေ့ ရှိကြသော ရပ်ကွက် ဖြစ်နေသည်ကလည်း တိုက်ခန်းငှားရမ်း နေထိုင်သူ ဦးရေကို ပိုမို အလေးသာနေစေသည်။

ကျွန်တော် ငှားနေသည့် သည်တိုက်မှာပင် ကိုယ်ပိုင်တိုက်ခန်းနှင့် နေသူ ဟူ၍ လက်ချိုးရေတွက် ရနိုင်သည်ပဲ။

ကျွန်တော်တို့ ကြည့်နေစဉ်မှာပင် တခြားကောင်မလေးများနှင့်အတူ ဆံပင်ရွှေရောင် ဂျင်းဘောင်းဘီတိုမလေးသည် တိုက်လှေကားဆီ လှစ်ခနဲ ပြေးဝင်တက်သွားသည်ကို ဖျတ်ခနဲ မြင်လိုက်ရ၏။ ပြီးတော့ တိုက်လှေကား ထစ်တွေအတိုင်း တဖြောင်းဖြောင်း ပြေးတက်လာသော ခြေသံများ။

တဖြောင်းဖြောင်း ခြေသံတွေက ကျွန်တော်တို့ဆီ မြန်မြန်ဆန်ဆန် ကြီးကို နီးကပ်လာနေသည်။ အန်တီမိမိတင်၏ မျက်လုံးတွေက တိုက်လှေကား ဘက်ဆီ အလိုမကျသော မျက်နှာထားနှင့် လှည့်ကြည့်နားစွင့်နေသည်။ လွတ်လွတ် လပ်လပ် ရယ်မောသံများနှင့် တဖြောင်းဖြောင်း ခြေသံတွေက ကျွန်တော်တို့ ငါးလွှာကို ကျော်လွန်သွားပြီး အပေါ်ထပ်တွေဘက် ဆက်လက် ပြေးထွက်သွား ကြလေသည်။

"ဘယ်လိုဟာမလေးတွေလဲ မသိပါဘူး၊ မိဘတွေကလဲ မပြောကြဘူး"

အန်တီမိမိတင်က မလိုတမာလေသံဖြင့် ရေရွတ်လိုက်သည်။ ပြီးတော့ ညှို့မှိုင်းနေသော မျက်နှာဖြင့် တိုက်အောက် လမ်းပေါ် ရပ်ထားသည့် စောစောက လိုက်ထရပ်ကားကို လှမ်းကြည့်နေပြန်၏။ ကားပေါ်မှ ပစ္စည်းတွေကို လူတချို့က ရွှေ့ပြောင်းထမ်းယူ၍ တိုက်လှေကားဆီ တက်ရန် တာစူနေကြသည်။ အရပ် ခပ်ပုပ်ပုပ်၊ မျက်နှာပြားပြား၊ ကိုယ်လုံးဖိုင့်ဖိုင့်နှင့် ဆံပင်ဘေးခွဲထားသော မျက်နှာ အစ်အစ်လူက ပိုက်ဆံအိတ်ထူထူကြီး ကိုင်ထားသော လက်ဖြင့် ညွှန်ကြား နေသည်။

mgyoe.com

mgyoe.com

"အဲဒီလူက ဒီကောင်မလေးတွေ အဖေလား မသိဘူး"

အန်တီမိမိတင်က စူးစူးစမ်းစမ်း ကြည့်၍ မှတ်ချက်ချပြန်သည်။

"ဟုတ်... အန်တီ"

ကျွန်တော်လည်း ငုံ့ကြည့်နေရင်း စကားထောက် လုပ်ရပြန်၏။

လှေကားအတိုင်း တက်လာကြသော ပစ္စည်းသယ်သူတွေ၏ အားညှစ်သံ၊ အချင်းချင်း ငြင်းခုံသံများနှင့် ရှေ့တိုးနောက်ဆုတ် လုပ်ရင်း တရွေ့ရွေ့ နီးလာကြသည့် ဖိနပ်သံ တရှပ်ရှပ်များ။ ကျွန်တော်တို့ မျက်လုံးတွေ တိုက်ခန်း လှေကားဘက်ဆီ ပြိုင်တူ လှည့်ကြည့်မိကြပြန်သည်။ ဝရန်တာမှ ကြည့်လျှင် အုတ်ကွက်တွေ တပ်ဆင်ထားသောကြောင့် တိုးလျှိုပေါက် မမြင်ရသော်လည်း အုတ်ပေါက်လေးတွေမှ တစ်ဆင့် လှေကားအတိုင်း ရှန်းကန် တက်သွားကြသည့် လူရိပ်တွေကိုတော့ မြင်နေရသည်။

ထိုအချိန်မှာပင် အပေါ်ထပ်မှ ပြေးဆင်းလာကြသော စောစောက ကောင်မလေးတွေ၏ ခြေသံများနှင့်အတူ ရယ်မောသံတွေ၊ စကားပြောသံတွေကို ထပ်ကြားလိုက်ရပြန်၏။ အန်တီမိမိတင်၏ မျက်နှာပြင်က သိသိသာသာ တွန့်ခေါက်သွားပြန်သည်။ မကြာမီမှာပင် တိုက်လှေကားရင်းဘက်မှ ပြေးဆင်း သွားကြသော ကောင်မလေးတွေကို လှမ်းတွေ့ရပြန်၏။ ပိုက်ဆံအိတ်ထူထူ ကိုင်ထားသော လူဆီ ဝိုင်းအုံသွားကြသည်ကို မြင်လိုက်ရသည်။

"ပျံလွှားမလေးတွေပဲ... တကယ့်ဟာမလေးတွေ"

အန်တီမိမိတင်က စီးကရက်တိုကို သူ့ဝရန်တာရှိ ကစ်(စ)မီကွစ် ပန်းအိုးလေးထဲ ထိုးခြေ ထည့်လိုက်ရင်း ရေရွတ်သည်။ ပြီးတော့ နောက်ထပ် စီးကရက် အသစ်တစ်လိပ်ကို ထုတ်ယူ မီးညှိလိုက်ပြန်၏။

"အဟင်း... ကိုဇေ... အန်တီတော့ မြင်ယောင်သေးတယ်ဟေ့"

အန်တီမိမိတင် ရယ်သံစွက်ပြောတော့ ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။ သူက လောကကြီးအကြောင်း ငါမသိတာ ဘာမှမရှိဘူး ကောင်လေး ရေဟု အော်ပြောနေသလိုမျိုး မျက်နှာပေးဖြင့် ကျွန်တော့်ကို စောင်းကြည့်သည်။

"မင်းက ပန်းချီလဲ ဆွဲသလို စာလေးဘာလေးလဲ ရေးတယ်မို့လား"

ကျွန်တော့်ကို ပန်းချီဆွဲသလို စာလည်း ရေးသည်ဟု အသိအမှတ် ပြုသလို ပြောလာသည်ကို သဘောကျမိသော်လည်း သည်စကားသည့်

mgyoe.com

mgyoe.com SAMPLE BOOK

လှောင်ပြောင်မှု တစ်ခု၏ ရှေ့ပြေးသဘောမျိုး ပြောနေသည်ဟု ခံစားမိနေသည်ကိုတော့ ကျွန်တော် မနှစ်မြို့ပါ။

"ဟုတ်တယ်လေ အန်တီရဲ့... ဘာဖြစ်လို့လဲ"

အန်တီမိမိတင်က မဆိုသလောက် အသံထွက်သွားအောင် ရယ်မောလိုက်သည်။ ပြီးတော့ ကျွန်တော့်ကို မကြည့်ဘဲ လမ်းတစ်ဘက်ခြမ်းက တိုက်ခန်းတွေဆီ လှမ်းကြည့်သည်။

"ဩော်... မင်း ကုန်ကြမ်းတွေ ရလိမ့်မယ်လို့"

"ဟာ... အန်တီမိကတော့ နောက်ပြီ"

ကျွန်တော် ခပ်ကျယ်ကျယ် အော်ပစ်လိုက်မိသည်။ ပြီးတော့ ကျွန်တော် ရယ်ကျဲကျဲ လုပ်မိသွားသည်။ ပြီးတော့ ကျွန်တော် ...ကျွန်တော် ...။ ကျွန်တော် အန်တီမိမိတင်ကိုပင် နှုတ်မဆက်တော့ဘဲ တိုက်ခန်းအတွင်းထဲ ရုတ်တရက် လှည့်ဝင်လာခဲ့၏။ အန်တီမိမိတင်၏ နောက်ပြောင် ရယ်မောသံသဲ့သဲ့က ကျွန်တော့် နောက် လိုက်လာသေး၏။ ကျွန်တော့်ရင်ဘတ်ကို ကျွန်တော် ပြန်ငုံ့ကြည့်မိလိုက်သည်။

ရင်ဘတ်မှာ ဓားတစ်ချောင်း စိုက်ဝင်နေသလိုပါပဲလား။ သည်ဓားကို ကျွန်တော် ပြန်နုတ်လိုက်ပြီးပြီ မဟုတ်လား။ ဘာလို့ အခုထိ ပြန်နာနေရတာလဲ။

❐

mgyoe.com

mgyoe.com
SAMPLE BOOK

-၂-

ဝရန်တာဘက်က ပြန်ဝင်လာတော့ တိုက်ခန်းထဲ အမှောင်တွေ စိမ့်ဝင်စ ပြုနေပြီ၊ မီးမဖွင့်ရသေးသောကြောင့် တိုက်ခန်းထဲ ပိုမိုမှောင်နေသလိုလို။ မီးခလုတ်ကို ဖွင့်လိုက်သည့်တိုင် မီးချောင်းတွေက လင်းမလာခဲ့။ သည်နေ့ မီးပျက်သည့် ရက်လား။ ကျွန်တော် တွေးပေမဲ့ မသေချာ။ လူ့ဘဝရရှိရန် ဒုလ္လဘတရား ဖြစ်သည်ဆိုလျှင် ရန်ကုန်နေသူတွေ အတွက်ကတော့ နောက်ထပ် ဒုလ္လဘတရားအဖြစ် ရေနှင့် လျှပ်စစ်မီးကို ထပ်ထည့်ရပေလိမ့်မည်။ အမှောင်ထဲ နေရသည်မှာ ပြဿနာမရှိသော်လည်း ပန်ကာလေးတစ်လုံး လည်ပတ်ဖို့ပင် လျှပ်စစ်ဓာတ်အား မရှိသည့် မြို့ပြနွေညတွေက တကယ့်ပြဿနာ တစ်ခု ဖြစ်လေ့ရှိသည်။ အဆင်ပြေသလို စီထပ်ထားသော စာအုပ်တွေက စားပွဲပေါ်မှာ၊ ကုလားထိုင်ပေါ်မှာနှင့် ကြမ်းပြင်ပေါ်က ဖယောင်းပုဆိုး အခင်းပေါ်မှာ။ ဆေးဘူးတွေ၊ ဆေးစက်တွေက နံရံကပ်ထောင်ထားသည့် ကင်းဗတ်ကားချပ် အလွတ်ကြီးရှေ့တွင် အစီအစဉ်မဲ့ ပြန့်ကျဲလျက်။ ပြီးတော့ ပန်းချီဒေါက်က ဝရန်တာနှင့် အနီးဆုံး နံရံဘက်မှာ။ ပြီးတော့ ပန်းချီကားချပ်များ။ တချို့က ဆွဲလက်စ။ တချို့က ပြီးပြည့်စုံပြီဟု ကျွန်တော့်ဘာသာ ယုံကြည်ထားသည့် ပန်းချီကားများ။ ပန်းချီဆေးစက်တွေက ကျွန်တော် သတိထား ဂရုစိုက်နေသည့်ကြားမှ နံရံတွေပေါ် ဟိုတစ်စက် သည်တစ်စက်၊ သည်တိုက်ခန်း ပြန်အပ်ရလျှင်တော့ နံရံတွေ ဆေးပြန်သုတ် ပေးရမည်လား မသိ။

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်ပုံတွေကြား အိပ်ပျော်နေသလို လဲလျောင်းနေသည့် ဂစ်တာကို ကောက်ယူလိုက်သည်။ ကြိုးတွေကို ထိစမ်းလိုက်တော့ ကြိုမျှော်လင့်ထားသည့်အတိုင်း အသံတွေ မညီတော့။ သည်ဂစ်တာကို ကောက်မကိုင် ဖြစ်သည်ကပဲ ရက်အနည်းငယ် ကြာခဲ့ပြီ။ ဂစ်တာကို ခပ်မြန်မြန် ကြိုးညှိလိုက်၏။ ပက်ထရွန်ကို ဂစ်တာကြိုး တစ်ချောင်းချင်းပေါ် ခပ်မြန်မြန် ပြေးလွှား တက်ဆင်းရင်း ကြိုးညှိ အသံ စမ်းလိုက်သည်။

ပြီးတော့ ဖလက်တံပေါ် ကော့ဒ်တစ်ခု ကောက်စမ်းမိလိုက်သည်။

F.........

မဟုတ်သေးဘူး။ နောက်တစ်ကွက် ....။

G ...... Gm ......

နောက်တစ်ကွက် ...။ ဘာသီချင်း တီးရမလဲ။ ဖလက်တံပေါ် ပြေးလွှားနေသည့် ကျွန်တော့် လက်ချောင်းတွေက အိမ်ခြေရာခြေမဲ့သူတွေလို ဆောက်တည်ရာမရ။

ဘာသီချင်း တီးရမလဲ ဆိုသည်ကို မစဉ်းစားမိသေးမီ ညအမှောင်ရိပ်ထဲက ဇာဒ်ပင်ကြီးကို သွားသတိရသည်။ ဇာဒ်ပင်ကြီးအောက် လဲလျောင်းနေသည့် သစ်တုံးကြီး။ ထိုသစ်တုံးကြီးပေါ်မှာ ကလေးနှစ်ယောက်။ တစ်ယောက်က မမဝေ ဖြစ်ပြီး နောက်တစ်ယောက်က ကျွန်တော်။ မမဝေလက်ထဲမှာ ဦးဦး၏ ဂစ်တာကြီး။ မမဝေက ဂစ်တာအိုးကြီးကို မနိုင့်တနိုင်နှင့် သူ့ပေါင်ပေါ် တင်ထားသည်။ ဂစ်တာအိုးက သူ့လည်ပင်းအထိ ရောက်နေ၏။

မမဝေ ... ။ မမ ... မမ... ။

ဖလက်တံပေါ် ကော့ဒ်ရှာရင်း အိမ်ရာမဲ့ ပြေးလွှားနေသည့် ကျွန်တော့် လက်ချောင်းများနှင့် Slow Go Go ကို အလိုလို ထိခတ်နေမိသည့် ကျွန်တော့် ညာလက်ချောင်းများ ပြိုင်တူ တန့်ခနဲ ရပ်သွားကြလေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK



တိုက်ခန်းတံခါးကို ပိတ်၍ အပြင်သံဘာဂျာတံခါးကို သော့ခတ်လိုက်ချိန်မှာတော့ နံနက် ကိုးနာရီ ထိုးလုပြီ။ ဒါ ကျွန်တော့်စံတော်ချိန်ပင် ဖြစ်သည်။ ကျောပိုးအိတ်ကို ပခုံးပေါ် ပြန်ပင့်တင်၍ လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့သည်။ တိုက်သက်တမ်း ၁၀ နှစ်နီးပါးပင် ရှိနေသေးသော်လည်း တိုက်လှေကားတွေက ကွာသည့် နေရာကွာ၍ ပဲ့သည့်နေရာ ပဲ့နေလေပြီ။ လှေကား တစ်ဆစ်ချိုးသည့် ထောင့်တွေမှာ ဘယ်သောအခါမှ တရားခံပေါ်မည် မဟုတ်သော ကွမ်းတံတွေး နီရဲရဲတွေက ချိုးတက်နေပြီး ကွမ်းတံတွေး မထွေးရဟု ရေးထားသော စာတန်း လေးများကိုပင် စွန်းထင်း ဖုံးအုပ်နေလေပြီ။

ပထမထပ်ရှေ့က လှေကားထစ် တစ်နေရာမှာတော့ ခွေးအိုကြီး တစ်ကောင်က ကျုံကျုံနန လဲလျောင်းလျက် စည်းစိမ်ခံယူနေသည်ကို တွေ့ရသည်။ ခွေးအိုကြီးမှာ အိုမင်းလှပြီ ဖြစ်သည့်အပြင် အရေပြားပေါ်မှာ ဝဲနာတချို့ စွဲလျက် တချို့နေရာတွေ၌ အမွေးတွေ ကွက်ကျွတ်နေ၏။ လူတစ်ယောက် ဆင်းလာသော ခြေသံကို ကြားသည့်တိုင် အရင့်အရင် နေ့တွေကလို ခေါင်းပင် ထောင် မကြည့်။ ကျွန်တော်ကလည်း အရင့်အရင် နေ့တွေကလိုပင် သစ်တုံး တစ်တုံးကို ကျော်ခွခဲ့သလိုမျိုး ခွေးအိုကြီးကို ကျော်ခွ၍ လှေကားအတိုင်း ထပ်ဆင်းလာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအချိန်မှာပင် တခစ်ခစ် ရယ်သံများနှင့်အတူ ဒရောသောပါး ပြေးတက်လာကြသော အုပ်စုဖွဲ့ ခြေသံ တဖြောင်းဖြောင်းကို ကြားလိုက်ရ၏။ နောက်ဆုံး လှေကားကွေ့သို့ ရောက်တော့ ခြေသံရှင်တွေနှင့် သွားဆုံသည်။ တခစ်ခစ်ရယ်သံများနှင့် ခြေသံတွေ ရုတ်တရက် တန့်ရပ်သွားကြသည်။

ဟင်... မနေ့က ပြောင်းလာသည့် ကောင်မလေးအုပ်စု။ သူတို့ထဲမှာ ရွှေရောင်တွေ စွန်းပေနေကြသည့် ဆံပင်ရှည်ကြီးကို နှစ်ဖက် ခွဲစည်းထားသည့် ကောင်မလေးက မနေ့ကလို ဂျင်းဘောင်းဘီတိုလေးနှင့် မဟုတ်တော့။ အနီရောင် စပန့်ဂါဝန်လေးနှင့်။ ဖြူဝင်းသော မျက်နှာနုနုလေးမှာ အနည်းငယ် ရဲလျက်။ အပေါ်မှ ဆင်းလာသည့် မထင်မှတ်ထားသည့် လူကို ဘွားခနဲ တွေ့လိုက်ရသောကြောင့် ခပ်အမ်းအမ်း ဖြစ်ကုန်ကြသည်။ ကျွန်တော်က နံရံနှင့် အနီးဆုံး ထပ်ကပ်ပေးလိုက်တော့ သူတို့ လှေကားထစ်တွေအတိုင်း ဆက်တက်သွားကြပြီး တခစ်ခစ် ရယ်သံတွေက လှေကားအတိုင်း ခုန်ဆင်းလာကြပြန်လေသည်။

လှေကားထိပ်မှ ဆင်းလိုက်သည်နှင့် ဘွားခနဲ တွေ့လိုက်ရသည်က အန်တီမျိုး၏ နံနက်ချိန်ခါ မုန့်ဟင်းခါးဆိုင်လေးပင် ဖြစ်သည်။ ဆိုင်းဘုတ် ချိတ်မထားသော်လည်း နံနက် ခြောက်နာရီမှ နံနက် ၁၀ နာရီအထိသာ ဝယ်ယူ စားသုံးခွင့်ရသည့် မုန့်ဟင်းခါးဆိုင် ဖြစ်သောကြောင့် ကျွန်တော်တို့က သည် နံနက်ချိန်ခါ မုန်းဟင်းခါး ဟူသော အမည်ကို နောက်ပြောင် ပေးထားကြခြင်း ဖြစ်သည်။ တကယ်တော့ မုန်းဟင်းခါးသာ မဟုတ်၊ စားပွဲတစ်လုံး၊ မီးသွေးမီးဖို တစ်လုံးနှင့် ခြေတံရှည် ဖိုင်ဘာ ထိုင်ခုံ ငါးလုံး ခြောက်လုံးခန့် ချထားသည့် အန်တီမျိုး ဆိုင်လေးကိုလည်း နေ့စဉ် မနက် ခြောက်နာရီမှ ၁၀ နာရီ ကြားသာ တွေ့ခွင့်ရတတ်လေသည်။

အခုလည်း ကိုးနာရီကျော်စ ပြုနေပြီ ဖြစ်သောကြောင့် အန်တီမျိုး ဆိုင်လေးက လူခပ်ကျဲကျဲပင် ရှိတော့သည်။ အထူးသဖြင့် သည်တိုက်မှာပင် နေကြသည့် အတင်းပြောဖော်လည်း ဖြစ်၊ သတင်း ဖလှယ်ဖော်လည်း ဖြစ်ကြသော ပင်တိုင် ဖောက်သည်ကြီးများသာ။

အန်တီသီက မုန့်ဟင်းခါး စားနေရင်း ဘာရယ်ဟု မည်မည်ရရ မရှိသော အကြောင်းအရာ အပိုင်းအစတွေကို တစ်ခွန်းစ၊ နှစ်ခွန်းစ ထထ ပြောနေ၏။ မသူဇာကတော့ အန်တီမျိုးဘေး မီးသွေးဖိုပေါ်က မုန့်ဟင်းအိုး ဗိုက်ပူကြီးထဲ

mgyoe.com

mgyoe.com SAMPLE BOOK

သူ့စိတ်တိုင်းကျ မွှေနှောက်လျက်။ မောင်မိုးက ပန်းကန်သိမ်းသလိုလို၊ လိုတာ ချပေးသလိုလို မိုးတိုးမတ်တတ်။

"ကိုဇေ... ဘူးသီးကြော်နဲ့ပဲလား... ငရုတ်သီး လျှော်မယ်နော်"

အန်တီမျိုးက ကျွန်တော် ဆင်းလာသည်ကို မြင်လိုက်သည်နှင့် ဘယ်ထိုင်ခုံမှာ ထိုင်မည်ဟု မဆုံးဖြတ်ရမသေးမီ သူ့ဝသီအတိုင်း ခပ်သွက်သွက် ပြော၍ ဆိုးဆိုးဆတ်ဆတ် လှုပ်ရှားနေလေပြီ။ အလုပ်လုပ်လျှင် မြန်မြန်ဆန်ဆန် အရေးတကြီး လုပ်ရမည်ဟု ခံယူထားသလား မသိ၊ မုန့်ဖတ်ထည့်ခြင်း၊ အကြော် ညှပ်ထည့်ခြင်း စသည့် အဆင့်ဆင့်တွေကို အန်တီမျိုး လက်တွေက တရစပ် လှုပ်ရှားလျက်။

"မမျိုး... မမျိုး ကြားတယ်မို့လား... ကောင်မလေးတွေက ..."

မောင်မိုး လှမ်းချပေးသည့် မုန့်ဟင်းခါးပန်းကန်ကို ကျွန်တော် ယူနေဆဲမှာပင် မုန့်ဟင်းခါး ဆိုင်ဧရိယာထဲ မဖြူ ဝင်ရောက်လာလေသည်။ မဖြူလက်ထဲမှာက မုန့်ဟင်းခါး ပန်းကန်ကို ကိုင်လျက်။ ကျွန်တော်က မဖြူကို မော့ကြည့်လိုက်မိသည်။ ကျွန်တော့်လိုပင် ကျန်သည့် လူတွေ၏ မျက်လုံးတွေကလည်း မဖြူဆီ စုပြုံရောက်သွားကြလေသည်။

မဖြူက သူ့ကိုယ်ခန္ဓာဝဝကြီး၏ အချိုးအစားကို ဖုံးကွယ်ရန် သူဝတ်နေကျ စပန့်ဂါဝန် ပွပွကြီးကိုပင် ဝတ်ထား၏။ နာမည်နှင့် လိုက်အောင် အသားအရေ ဖြူဝင်း၍ လှပလွန်းသော မျက်နှာလေးကို ဘုရားပေးသော ဆုတစ်ဆုလို ပိုင်ဆိုင်ထားရသော်လည်း နတ်ဆိုးတွေကမူ မီးပုံးပျံလို ဂါဝန်ကြီးမှအပ အခြား အဝတ်အစားများ ဝတ်၍ အဆင်မပြေလောက်အောင် ဝဖီးလွန်းသည့် ကိုယ်ခန္ဓာကြီးကို ကျိန်စာအဖြစ် ဖန်ဆင်းပေးထားလေသလား မသိ။

မဖြူက သူ ပြောလက်စ စကားကို ရပ်ထားလိုက်ပြီး ဘူးသီးကြော်တစ်မြှောင်းကို သူ့ဘာသာ ယူ၍ ကတ်ကြေးဖြင့် တချပ်ချပ် ညှပ်ချနေသည်။ ပြီးတော့ မသူဇာလက်မှ လွတ်လပ်ခွင့်ရသွားကာစ မုန့်ဟင်းအိုး ယောက်ချိုကို ကောက်ကိုင်လိုက်ရင်း သူ့ကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြသည့် မျက်လုံးတွေကို ပြန်မကြည့်ဘဲ သူ့စကားကို ဆက်လိုက်၏။

"ကောင်မလေးတွေက မိသားစုမှ မဟုတ်ဘဲ... ကျုပ်တို့က မိသားစု ပြောင်းလာတယ် ထင်နေကြတာလေ"

mgyoe.com

mgyoe.com SAMPLE BOOK

"အေးလေ"

အန်တီမျိုးက မဖြူစကားကို ထောက်ခံလိုက်၏။

"ကောင်မလေးတွေက ရုပ်လေးတွေ သနားကမားလေးတွေနဲ့ ဒါပေမဲ့ ပျံတံတံလေးတွေပါ ဟယ်"

မသူဇာက စားပြီးသွားသော ပန်းကန်ကို မောင်မိုးဘက်ကို ထိုးပေးရင်း အားတက်သရော ဝင်ထောက်ခံသည်။ မောင်မိုးက သူတို့မျက်နှာတွေကို တစ်လှည့်စီ လိုက်ငေးနေ၏။ တကယ်တော့ မောင်မိုးက အန်တီမျိုး ယောက်ျားဘက်မှ တော်စပ်သည့် တူ ဖြစ်သည်။ အန်တီမျိုး ယောက်ျား သင်္ဘောလိုက်နေချိန် ကလေး နှစ်ယောက်နှင့် ကျန်နေရစ်ခဲ့သည့် အန်တီမျိုးဆီ အတူလာနေသူ လူငယ် ကလေး။ မျက်တွင်းချိုင့်ချိုင့်၊ ကိုယ်အလေးချိန် ပေါင် ၁၀၀ ခန့်ပင် ရှိမည် မထင်။ သို့သော် သူလည်း သင်္ဘောလိုက်ရန် လုပ်နေသည်ဟု သိရ၏။ တစ်ခါတစ်ခါ အနက်ရောင် ဘေးလွယ်အိတ်ကြီး တဖားဖားလွယ်၍ အပြင် ထွက်ထွက်သွားသည်ကို တွေ့ရတတ်မြဲ။ လေ့ကားမှာ ဆုံ၍ ဝတ္တရားအရ "ဘယ်လဲ" ဟု မေးတိုင်း "ကုမ္ပဏီ" ဟူသော အဖြေတစ်ခုတည်းကိုသာ ရှက်ပြုံးလေး ပြုံး၍ ပေးတတ်သူ။ သူ ဆိုလိုသည့် ကုမ္ပဏီ ဆိုသည်မှာ သူ အလုပ်လျှောက်ထားသည့် သင်္ဘောသား ကုမ္ပဏီများကို သွား၍ သတင်းစုံစမ်းခြင်းကို ဖြစ်သည်။

ကျန်အချိန်တွေမှာတော့ အန်တီမျိုးအတွက် တောက်တိုမည်ရ ဝန်ထမ်းကောင်းလေး တစ်ယောက်အဖြစ် အသုံးဝင်နေလေသည်။

"ပြီးတော့ ဘယ်က လာတာလဲ မေးတော့လဲ ကြည့်ဦး... မမျိုးတို့ ကြားတဲ့ အတိုင်းပဲ"

မဖြူက ဆွဲထုတ်လိုက်သော စကားကြိုးမျှင် တစ်စ။ ထိုအခါ မုန့်ဟင်းခါးကို ဖိမ်ဆွဲစားရင်း နားထောင်နေသော အန်တီသီက တစ်စခန်း ထလာ ပြန်သည်။

"ဟုတ်ပအေ ... ဘာတဲ့ တစ်ယောက်က တောင်ကြီးတဲ့ ... တစ်ယောက် က ဟင်္သာတတဲ့၊ တစ်ယောက်က ဘာတဲ့... မအူပင်တဲ့... တစ်ယောက်က ..."

"မမျိုးရေ... အန်တီမိကို တစ်ပွဲ"

mgyoe.com

mgyoe.com  SAMPLE BOOK 

အောင်မြင် ကျယ်လောင်သော အသံကြောင့် နောက်ကို လှည့်ကြည့်လိုက်တော့ ကန်တော်ကြီး တစ်ပတ် လမ်းလျှောက်ပြီး ပြန်လာပုံရသော အန်တီမိမိတင်ကို တွေ့လိုက်ရလေသည်။ အသက် ၅၀ ကို တော်တော်ကျော်၍ ၆၀ နီးပါးခန့် ရောက်နေပြီ ဖြစ်သော်လည်း ဒူးဖုံးရုံ ဆွဲသားဘောင်းဘီ အနက်ရောင်နှင့်။ တီရှပ် အဖြူရောင်နှင့်။ ပခုံးထိရုံ ဆံပင်လှိုင်း တွန့်တွန့်တွေက မဟော်ဂနီရောင် တောက်နေသေးသည့် အန်တီမိမိတင်။

"ဘာတွေ ပြောနေကြတာတုံး... ငါ့လဲ ပြောကြဦး"

အန်တီမိမိတင်က ခုံတစ်လုံးပေါ် ဝင်ထိုင်ရင်း လက်သည်းနီရဲရဲ လက်ချောင်းများနှင့် စီးကရက်တစ်လိပ်ကို ကျွမ်းကျွမ်းကျင်ကျင် မီးညှိလိုက်သည်။ ပြီးသည်နှင့် စားပွဲပေါ် တံတောင်ဆစ် တစ်ဖက် ထောက်လိုက်ပြီး မဖြူဘက်ကို လှမ်းကြည့်လိုက်လေသည်။

"ဘာပြောရမလဲ အန်တီမိရဲ့... မနေ့က အသစ်ပြောင်းလာတဲ့..."

"အဟင်း..."

အားတက်သရော ပြောလိုက်သည့် မဖြူ စကားမဆုံးမီ အန်တီမိက သရော်လှောင်ပြောင်သော ရယ်သံတစ်ချက်ကို ထုတ်လိုက်၏။

ကျွန်တော် မုန့်ဟင်းခါး စားနေရင်း တဖြည်းဖြည်း အနေရခက်လာသည်။ သည်အုပ်စုထဲ တည့်တည့်ပြုတ်ကျမိသလို ခံစားနေရသည်။ အမျိုးသမီးအခွင့်အရေး ဘာညာသာရကာ လိုချင်နေကြသည့် အမျိုးသမီးတွေကပင် သူတို့သမီးအရွယ်၊ တူမအရွယ် အမျိုးသမီးငယ်ကလေးများ၏ ဖြစ်တည်မှုကို သူတို့ ထင်မြင်ချက်များနှင့် တစ်စစီ အမဲဖျက်ကြသည်ကိုတော့ ကျွန်တော် မည်သည့်နည်းနှင့်မှ နားဝင်ချိုနိုင်မည် မဟုတ်။

"အန်တီမျိုး... ဒီမှာ ပိုက်ဆံ"

ကျွန်တော် ရုတ်တရက် ထထွက်လိုက်တော့ မဖြူက မော့ကြည့်သည်။

"ဟဲ့... ကိုဇေ... ဒီနေ့ ဆန်းဒေးလေ ဘာဖွင့်လို့လဲ၊ ကွန်ပျူတာ သင်တန်းကော ဖွင့်လို့လား"

"ပန်းဆိုးတန်း လမ်းကြီး ဖွင့်တယ်လေ"

mgyoe.com

mgyoe.com

ကျွန်တော် အော်ပြောရင်း သူတို့နှင့် ဝေးနိုင်သမျှ ဝေးအောင် မြန်နိုင်သမျှ မြန်နှုန်းနှင့် ထွက်လာခဲ့လေသည်။ လမ်းအရှေ့ဘက်ကို အကျင့်ပါနေသော မျက်လုံးတွေက ဖျတ်ခနဲ ရောက်သွား၏။ “ဗဂျီအိမ် စာပေ” ဆိုသော အညိုရောင် ဆိုင်းဘုတ်ကလေးက ကြိုးတန်းလန်း ချိတ်လျက်။ သည်ဆိုင်းဘုတ်ရှိ သူငယ်တော်ပါးကွက်ကဲ့သို့ ဝလုံးလေးကို အဖြူစက်လုံးလေးတွေ ဝန်းရံနေပုံ လိုဂိုကို ကြည့်လိုက်မိတိုင်း နှစ်ခြိုက်မြတ်နိုးစိတ်က အလိုလို စိမ့်ဝင်လာတတ် သည်။ ဒါ... ရိုးရာမှသည် ခေတ်သစ်ဆီသို့၏ အမှတ်တံဆိပ်။ စာမဲ့ကဗျာ၏ အမှတ်တံဆိပ်။ ဆိုင်းဘုတ် တင်ထားသည့် ဆိုင်ကလေးကတော့ ထောင်မတ် ထားသည့် ဗီရိုတစ်လုံးသာသာ။ အခုလည်း တစ်ချပ်တည်းသော တံခါးကို ပိတ်ထားသည်။ ကိုတိမ် ဆိုင်လာ မဖွင့်ဖြစ်သေး။

ပန်းဆိုးတန်းသည် ကျွန်တော့်အတွက် ပါရီမြို့ကြီး ဖြစ်၏။ သည်နေ့လို ရုံးပိတ်ရက် ရှင်းလင်းနေသော ပန်းဆိုးတန်းလမ်းမကြီး၏ အလယ်ဘလောက်မှာ စာအုပ်အဟောင်းဆိုင်လေး တချို့ ရှိနေလိမ့်မည်။ ကော်ဖီမစ်သာ ထိုင်သောက် နိုင်သည့် ခွေးခြေခုံပုကလေး လေးလုံးခန့် ချထားသော လမ်းဘေးဆိုင်လေး နှစ်ဆိုင် ခန့်ကလည်း ကျွန်တော့်အတွက် ရိုတွန်ကဖေးများ ဖြစ်ကြသည်။

အရှေ့ဘက်တန်းက အရိပ်တစ်ခုခု၊ လှေကားထစ် တစ်ခုခုမှာ ကော်ဖီမစ် တစ်ခွက်နှင့် အေးလူလူ ထိုင်၍ မျက်နှာချင်းဆိုင်ရှိ ကိုလိုနီခေတ် လက်ရာ အနီရောင် အဆောက်အအုံကြီးကို စကတ်ချ် ထိုင်ကောက်မည်။ မျက်စိညောင်း လာလျှင် ဘေးနားက စာအုပ်အဟောင်းဆိုင်တွေထဲ စာအုပ်တွေ လိုက်ဖွမည်။ မျက်နှာတန်းမိနေကြသော စာအုပ်ရောင်းသူ မိတ်ဆွေတချို့နှင့် စာအုပ်လောက အကြောင်း၊ ပန်းချီပြပွဲတွေအကြောင်း စကားစမြည်ပြောရင်း သူတို့ ပြောသည် ကို နားထောင်မည်။ ပြီးလျှင် ဆူးလေလမ်းပေါ်က ရုပ်ရှင်ရုံ တစ်ရုံထဲ အချိန် နှစ်နာရီခန့် ဝင်ထိုင်နေလိုက်မည်။ ဒါ... ကျွန်တော့်တနင်္ဂနွေ အစီအစဉ်ပင် ဖြစ်၏။

ကျွန်တော် တက်နေသော ကွန်ပျူတာ ဂရပ်ဖစ် သင်တန်းကလည်း သည်နေ့ ပိတ်ရက်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

- ၄ -

ကျောက်မြောင်းဈေး မှတ်တိုင်ရောက်တော့ ကျွန်တော် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သည်။ တနင်္ဂနွေနေ့လယ် ရုံးပိတ်ချိန် ဘတ်စ်ကား စီးရသည်မှာ ကျန်သည့် နေ့ရက်များကဲ့သို့ ပိတ်လှောင် မွန်းကျပ်မှုမရှိ။

ကုန်ဆုံးစ နွေနေ့လယ်ခင်းသည် အိုမင်းသူ တစ်ယောက်ကဲ့သို့ နွေးကွေး လေးလံသော ခြေလှမ်းများဖြင့် ထွက်သွားတော့မည့်ဟန်။ ညနေခင်းကလည်း မြို့ပြထဲ အပြေးလာနေသည်။ ကားတွေ မီးပွိုင့်မှာ ရပ်နေကြချိန် လူတချို့ လမ်းဖြတ်ကူးနေကြ၏။

ဘတ်စ်ကားပေါ်မှ ဆင်းပြီး နောက်ကို ပြန်လျှောက်လာရသည်။ ဓမ္မစိန္တာ လမ်းထောင့်ရှိ ဆက်သွယ်ရေး P C O ဖုန်းရုံလေးရှေ့မှာ လူတချို့ ဖုန်းဆက် နေကြသည်။ ကြိုးဖုန်းနှစ်လုံး တင်ထားသည့် သံခေါက်စားပွဲလေးနောက်မှာ ထိုင်နေသော အပေါ်ဖြူ အောက်ပြာ ယူနီဖောင်းနှင့် ဝန်ထမ်းအမျိုးသမီးက ဝတ္ထုစာအုပ် တစ်အုပ်ကို ဖတ်လျက်။ သည်လို အရောင်အတွဲအစပ်ကို မြင်တော့ အမေ့ကို သွားသတိရမိသည်။

ညောင်ပင်အောက် ကွမ်းယာဆိုင်ရှေ့ ရောက်တော့ ဘယ်ဘက် ချိုးဝင် လိုက်သည်နှင့် "ဆိုက်ကားဂိတ်နှင့် တက္ကစီဂိတ်ကလေး။ ပြီးတော့ "ဆိုင်းဘုတ် ရေးသည်" ဆိုင်းဘုတ်ကလေးက အထီးကျန်စွာ မတ်တတ် ရပ်နေ၏။ လက်ဖက် ရည်ဆိုင်မှာတော့ လူတွေ ဖြိုးတိုးဖြောက်တောက် ရှိနေပြီ။

mgyoe.com

mgyoe.com

အကျင့်ပါနေသော မျက်လုံးတွေက လက်ဖက်ရည်ဆိုင် ဟိုဘက်ကို ဆက်ကြည့်လိုက်တော့ ဟော ကိုတိမ့်ဆိုင်လေး ဖွင့်နေပြီပဲ။ တံခါးဝနားမှာ ထိုင်နေသည့် ကိုတိမ့် ပုဆိုးစနှင့် ခြေထောက် တစ်စုံကိုတောင် လှမ်းမြင်လိုက်ရသည်။ ကျွန်တော့်ခြေလှမ်းတွေက အလိုလို လမ်းကြောင်းပြောင်း သွားကြလေသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲဗျ"

ကိုတိမ်က မမြင်ရသည့် မှတ်ဆိတ်မွေးလေးတွေကို မွေးညှပ်ဖြင့် ဆွဲဆွဲ ညှပ်နေရင်းက ခရီးဦးကြို နှုတ်ဆက်လိုက်သည်။ ပြီးတော့ သစ်သားခွေးခြေခုံလေး တစ်ခုံ ထိုးပေး၏။ သူ့ဆိုင်လေးက လှေကားတက်လိုက်သည်နှင့် ဆိုင်အတွင်းထဲ တန်းရောက်သွားပြီး ဆိုင်အတွင်းထဲ မတ်တတ် ရပ်လိုက်မိသည်နှင့် နံရံကပ် စာအုပ်စင်ပေါ်က စာအုပ်တွေနှင့် မျက်နှာချင်း ကပ်မိသွားတော့သည်။

"ပန်းဆိုးတန်းဘက်ဗျာ... စကတ်ချ်လေး ကောက်ရင်း စာအုပ်လေးတွေ ဝယ်လာတာ"

ကျွန်တော်က သူ ထိုးပေးသည့် ခွေးခြေမှာ ဝင်ထိုင်ရင်း ကျောပိုးအိတ်ထဲက စာအုပ်တချို့ကို ထုတ်လိုက်သည်။ စာအုပ်ပါးပါးကလေး သုံးအုပ်။ ဇေယျာလင်း၏ ဘာသာစကားကဗျာ၊ မောင်ယုစိန် ( ဥပဒေ)၏ ဝိမုတ္တိရသလွင်ပြင်မှ အဿထိုရ်မြင်းတို့၏ ခွာသံ။ နောက်တစ်အုပ်က ဒေါ်ခင်မျိုးချစ်နှင့် ချစ်ဦးညို့တို့၏ ဇာတ်ခုံလောက၊ လောကဇာတ်ခုံ။ အဟောင်းတန်းမှ အဟောင်းဈေးဖြင့် ရခဲ့သည် ဆိုသော်လည်း စာအုပ်တွေက တကယ့်အသစ်တွေအတိုင်း။ နောက်ဖုံးကတ်ထူ၊ ရှေ့ဖုံးဖလင်ပြားနှင့် သေသေသပ်သပ် ချုပ်ထားသေး၏။ ထူးခြားသည်က စာအုပ်များ၏ ရှေ့စာမျက်နှာတိုင်းတွင် ပထမဆုံး ပိုင်ဆိုင်ခဲ့သူ ဖြစ်ပုံရသည့် လူ၏ ဖတ်ရခက်သော ထိုးမြဲလက်မှတ် တစ်ခုသာ ရှိနေသည်။

"စာသမားတစ်ယောက် ပြန်ရောင်းသွားပုံ ရတယ်ဗျ"

ကိုတိမ်က စာအုပ်များကို လှန်လှောကြည့်ရင်း မှတ်ချက်ချသည်။

"အင်း... ဟုတ်တယ်"

"ဒီစာအုပ်မျိုးတွေက ပုံမှန် စာဖတ်သူတွေ ဖတ်လေ့ဖတ်ထ အင်မတန်နည်းတဲ့ စာအုပ်မျိုးတွေ ဆိုတာ သိသာတယ်လေ"

ကိုတိမ်က စာအုပ်ကျွမ်းကျင်သူ တစ်ယောက်လို သုံးသပ်ပြန်၏။ သူ သုံးသပ်ပြသည်မှာလည်း မမှား။ တကယ်တော့ သူ မပြောလည်း ကျွန်တော် သိနေ

mgyoe.com

mgyoe.com
SAMPLE BOOK


နှင့်ပြီးသားပင်။ သို့သော် ကျွန်တော် ဘာမျှမပြောဘဲ ငြိမ်နားထောင် နေလိုက်သည်။ ထို့နောက် စာအုပ်ကလေးတွေကို ကျွန်တော့်ဆီ ပြန်ပေးသည်။

"ခင်ဗျားကို ကဗျာဆရာတွေနဲ့ မိတ်ဆက်ပေးဦးမယ်။ ကျွန်တော်တို့နဲ့ တိုက်ခန်း အတူနေကြတာလေ"

ကိုတိမ်က ကျွန်တော်နှင့် တွေ့တိုင်းလိုလို ပြောလေ့ ရှိသော စကားကို ခုတစ်ခါလည်း ထပ်ပြောပြန်၏။

"ဒါပေမဲ့ ခင်ဗျားနဲ့တော့ သိပ်အဆင်ပြေမှာ မဟုတ်ပါဘူး။ သူတို့က ဒါသမားတွေ"

ကိုတိမ်က ပြောရင်းဆိုရင်း သူ့လက်မနှင့် သူ့ပါးစပ်ကို ညွှန်ပြသည်။ ကျွန်တော်ကလည်း ဘာမျှ ထပ်မပြောဘဲ "ဟုတ်ကဲ့" ဟုသာ ပြန်ပြောလိုက်သည်။

ကိုတိမ်က ရန်ကုန်သား မဟုတ်။ အညာသား။ ရေနံချောင်းကတဲ့။ သို့သော် အသားလတ်လတ်၊ လူပုံပါးပါး။ ဆံပင်ထူထူ ကောက်ကောက်ကို တိုတိုကပ်ကပ် ညှပ်ထားတတ်ပြီး မျက်နှာမှာ ဝက်ခြံဖုကလေးတချို့ ပျံ့ကျဲနေ၏။ စကားများများစားစား ပြောတတ်သည် မဟုတ်။ ပြောလျှင်လည်း တွေးတွေးဆဆနှင့် ပြောတတ်ပြီး တစ်ခါတလေ စကားတစ်လုံး ထွက်လာရန် အနည်းငယ် ထစ်နေတတ်သေးသည်။ သူ့ကြည့်လိုက်လျှင် အမြဲတမ်းလိုလို သေသေသပ်သပ် သန့်သန့်စင်စင်။ အသက်က ကျွန်တော်နှင့် ရွယ်တူ။

တစ်ခါ သူ ကျွန်တော့်ကို မေးဖူးသည်။

"ဘယ်ကဗျာဆရာကို အကြိုက်ဆုံးလဲ" တဲ့။

ကျွန်တော်က ဦးပုညလို့ ပြောရမလား၊ မောင်ချောနွယ်လို့ ပြောရမလား ဝေခွဲမရဖြစ်နေဆဲ သူက သူ့မှာ အသင့်ရှိထားနှင့်သော အဖြေကို ပေးလိုက်သည်။

"ကျွန်တော်ကတော့ မာယာကော့ ( ဖ် ) စကီးကို အကြိုက်ဆုံးပဲ၊ ကဗျာတွေထဲမှာလည်း သူ ရေးတဲ့ ဘောင်းဘီဝတ် မိုးတိမ်ကို အရမ်းကြိုက်တာ" တဲ့။

ကျွန်တော် ဖြုံသွားသည်။ ဘောင်းဘီဝတ် မိုးတိမ်ကို မောင်သာနိုး ဘာသာပြန်ထားသည်ကို သိသော်လည်း ကျွန်တော် မဖတ်ဖူးသေးပါ။ ထူးခြားသည်မှာ ကဗျာတွေထဲ ဘောင်းဘီဝတ် မိုးတိမ်ကို အကြိုက်ဆုံး ဆိုသော ကိုတိမ်သည် မည်သည့်အခါမှ ဘောင်းဘီမဝတ်ဘဲ ပုဆိုးကွက်စိပ်ကလေးများသာ ဝတ်လေ့ဝတ်ထရှိသူ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"လက်ဖက်ရည် သောက်မလား၊ လှမ်းမှာလိုက်မယ်လေ"

ကိုတိမ်က ပြောပြောဆိုဆို သူ့ဆိုင်လေးတစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်ဆီ လှမ်းမှာရန် ဟန်ပြင်လိုက်သည်။

"နေ နေ... မသောက်ချင်သေးဘူးဗျာ၊ ညစာစားပြီးမှ ပြန်ဆင်းလာခဲ့မယ်၊ အဲဒီခါကျမှ သောက်တာပေါ့"

ကျွန်တော်က ပြောရင်း စာအုပ်လေးတွေကို ကျောပိုးအိတ်ထဲ ပြန်ထည့်လိုက်သည်။

"မဂ္ဂဇင်း အသစ်ရောက်ရင် ပြောဦး"

ကျွန်တော် ထရန် စိတ်ကူးလိုက်ချိန်မှာပဲ ကျွန်တော်တို့ မြင်ကွင်းထဲ ကောင်မလေးတစ်အုပ် ဒရောသောပါး ဝင်ရောက်လာ၏။ ကျွန်တော်တို့ တိုက်လှေကားမှ ပြေးဆင်းလာကြသော ကောင်မလေးများသည် မဖြူတို့ဆိုင်ရှေ့နားရပ်ထားသည့် လိုက်ထရပ်တစ်စီး၏ နောက်ခန်းပေါ် ပြေးတက်သွားကြခြင်းဖြစ်လေသည်။ သူတို့အားလုံး စကတ်တိုတို၊ ဂါဝန်တိုတို၊ ဘောင်းဘီတိုတိုကလေးများနှင့်။ ဆံပင်ရွှေရောင် ဆိုးထားသည့် ကောင်မလေးကလည်း ဂျင်းဘောင်းဘီတိုတိုကလေး ဝတ်လျက်။ လက်ပြတ် ဝတ်ထားသောကြောင့် သူ့လက်မောင်းသားလေးတွေက အဝေးက လှမ်းကြည့်ရုံနှင့်ပင် အိစက်နေသည်ဟု အမြင်ဖြင့် ခံစားသိနေရသည်။ ကားနောက်ခန်းထဲမှာလည်း ကောင်မလေးတချို့ရှိနေနှင့်ကြပြီး ဖြစ်လေသည်။

သူတို့အားလုံး ရယ်ရယ်မောမော၊ နောက်နောက်ပြောင်ပြောင်။ သူတို့ကားပေါ် ရောက်သွားချိန်မှာတော့ လိုက်ထရပ်ကားလေးက ဝေါခနဲ ပြန်ထွက်သွားလေပြီ။

ကားလေး ထွက်သွားသည်နှင့် ကျွန်တော်ရော ကိုတိမ်ပါ တစ်ယောက်မျက်နှာ တစ်ယောက် တိုင်ပင်ထားသလို လှမ်းကြည့်မိလိုက်ကြသည်။

"ဘာလဲဗျ... ဘယ်က စော်လေးတွေလဲ... မိုက်တော့ မိုက်တယ်နော်"

ကိုတိမ်က ကျွန်တော့်ဆီက အကြည့်ကို ပြန်လွှဲလိုက်ရင်း အပြုံးရိပ်ရိပ်ကလေးနှင့် ပြောသည်။

"ကျွန်တော်တို့ တိုက်ကလေ၊ အသစ်ပြောင်းလာကြတာ ရက်ပိုင်းပဲ ရှိသေးတယ်"

ကျွန်တော့်အဖြေ ကြားတော့ ကိုတိမ်က ဖျတ်ခနဲ လှမ်းကြည့်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျွန်တော်တို့ဘက်အခြမ်း ခုနစ်လွှာက၊ သူတို့ချည်း စုနေကြတာတဲ့"

"အင်း..."

ကိုတိမ်က လေးလေးပင်ပင် "အင်း" ဟု ပြောသည်။ ကျွန်တော်က ကျောပိုးအိတ်ကို ပခုံးပေါ် ပြန်ဆွဲတင်ပြီး ထရပ်လိုက်၏။

"ညမှ ပြန်ဆင်းလာတော့မယ်ဗျာ၊ မဂ္ဂဇင်းအသစ် ရောက်ရင် ချန်ထားဦး"

"ဟုတ်... ဟုတ်... " ဆိုသော ကိုတိမ့်အသံက နောက်မှာ ကျန်ရစ်ခဲ့သည်။ သူ့ဆိုင်နှင့် ကပ်နေသည့် ဆေးခန်းလေးရှေ့ ခုံရှည်လေးမှာ လူတချို့ စောင့်ဆိုင်းလျက်။ အတွင်းလိုက်ကာစ ဖျတ်ခနဲ လှပ်သွားပြီး အသက်ကြီးကြီး ဆရာဝန်ကြီး တစ်ယောက်၏ နဖူးပြောင်ပြောင်ကြီးကို ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသည်။

တိုက်ရှေ့ရောက်တော့ လက်သည်းလေး ကိုက်လျက် လမ်းသွားလမ်းလာများကို စိုက်စိုက်ပါအောင် ငေးနေသည့် လင်းလင်းကို တွေ့ရသည်။ လင်းလင်းက ကျွန်တော့်ကို တွေ့တော့ ကလေးလေး တစ်ယောက်လို ပြုံးပြ၏။ သူ့သွားကျဲကျဲ သေးသေးလေးတွေက စီတန်းပေါ်လာသည်။

"ဟဲ့... ကိုဇေ... တစ်နေကုန် ပျောက်သွားနေတယ်နော်"

လှေကားဆီ သွားနေဆဲ မုန့်ထုပ်တွေကြားမှ မဖြူ့အသံ အော်ကျယ် အော်ကျယ် ထွက်လာ၏။

"ဗျာ... အစ်မ၊ ဘာဖြစ်လို့လဲ"

ကျွန်တော် ခြေလှမ်းတွေ ရပ်လိုက်ရသည်။ မဖြူက ဂါဝန်ကြီး တကားကားနှင့် လှုပ်လှုပ် လှုပ်လှုပ် ထွက်လာ၏။ ဖုန်းတင်ထားသည့် စားပွဲနောက်မှာ မဖြူ့ယောက်ျားက ထိုင်လျက်။ စားပွဲပေါ် တင်ထားသည့် လက်မောင်းပေါ်မှာ တက်တူးတွေ။ သူ ကိုင်ထားသည့် စာအုပ်သေးသေးလေးသည် အင်္ဂလိပ်စကားပြော စာအုပ်ဖြစ်ကြောင်း ကျွန်တော် အလွတ်သိနေလေသည်။

"ဆယ့်နှစ်နာရီလောက်က မိုးကုတ်က အမေ ဖုန်းဆက်တယ်၊ ပြန်ရောက်ရင် ပြန်ဆက်ပါတဲ့။ ငါက မသိဘူး၊ ရှိတယ်ထင်လို့ နင့်အထပ်က ခေါင်းလောင်းကြိုးကို ဆွဲနေတာရယ်"

မဖြူ့စကားကြောင့် ကျွန်တော် အားနာသွားရသည်။ တကယ်တော့ သူ မေ့နေခြင်းသာ။ မနက်က ထွက်သွားတုန်းက သူတို့ မုန့်ဟင်းခါး စားနေဆဲ သူတို့ရှေ့မှာပင် ထွက်သွားခြင်း ဖြစ်၏။

mgyoe.com

mgyoe.com

"ဟုတ်... အစ်မ... ဒါဆို ကျွန်တော် အခုပြန်ခေါ်လိုက်မယ်"

ကျွန်တော် ဖုန်းတင်စားပွဲရှေ့က ခုံမြင့်ကလေး တစ်ခုံ ဆွဲယူထိုင်လိုက်တော့ မဖြူအမျိုးသားက အေးအေးစက်စက် မော့ကြည့်သည်။ ပြီးတော့ သူ့လက်ထဲက စာအုပ်ပေါက်စလေးထဲ အကြည့်ကို ပြန်စိုက်သွား၏။

ကျွန်တော်က ဖုန်းလေးကို ဖုံးအုပ်ထားသည့် ဇာပဝါအဖြူလေးကို ဖယ်လိုက်ပြီး အကြိမ်ပေါင်းများစွာ နှိပ်ရလွန်း၍ အလွတ်ရနေသည့် နံပါတ်လေးများကို အလိုလို နှိပ်နေမိလေသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK



လေးလံသော ခြေလှမ်းများဖြင့် တက်လာခဲ့သည်။ တိုက်ခန်းထဲ ဝင်လိုက်သော အခါ တိုက်ခန်းထဲ အထီးကျန်ခြင်းက ပိုမိုကျယ်ပြန့်နေသလို ခံစားမိလိုက်၏။ အမေက သာကြောင်း မာကြောင်းသာ ပြောသော်လည်း ကျွန်တော့်အိမ်လွမ်းစိတ်က ဖုန်းကြိုးထဲ စီးဆင်းလာသော အမေ့ အသံမှာ ဖျားနာခဲ့လေသည်။

ဘဘကြီး လေဖြတ်သွားခဲ့ပြီ တဲ့။

တကယ်တော့ သည်လမ်း သည်ခရီးကို ကျွန်တော်ကိုယ်တိုင် ရွေးခဲ့ပြီပဲ။ အခုမှ မဟုတ်။ ပြောရလျှင် သည်လမ်းကို ရွေးဖြစ်ခဲ့သည့် ဇာစ်မြစ်က အမေကိုယ်တိုင်ပင် ဖြစ်နေခဲ့သည်ကိုတော့ အမေရော ကျွန်တော်ပါ ငြင်းမရနိုင်။ ကျွန်တော့်သွေးသားထဲ ပန်းချီအနုပညာပိုးကို စတင်မွေးမြူ ပေးခဲ့သူကလည်း အမေဟုပင် ပြောရမည်။

ကျွန်တော် သူငယ်တန်း ကျောင်းသားဘဝ။ အမေက သူ့ရုံးအားရက်၊ ကျွန်တော့် ကျောင်းပိတ်ရက်များတွင် ဝလုံးကလေးတွေ လက်ထပ် သင်ပေးရင်း တစ်ခါတော့ “ရ” အက္ခရာလေးနှင့် ဘဲကလေး ရေကူးနေပုံလေးကို ကျောက်သင်ပုန်းမှာ ကျောက်တံကလေးနှင့် ဆွဲပြသည်။ ကျွန်တော် သဘောကျသွားခဲ့သည်။ နောက်ထပ် ဘဲတွေ ဘဲတွေ ထပ်ဆွဲခိုင်းသည်။ ကျွန်တော့်ကျောက်သင်ပုန်းကလေးပေါ် ဘဲကလေးတွေ အများကြီး ရေကူးနေခဲ့ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တော့ ကျောင်းရောက်၍ ကျောင်းတက်ခေါင်းလောင်း မတီးသေးလျှင် ကျွန်တော်က ကျွန်တော့်ကျောက်သင်ပုန်းပေါ် ကိုယ့်ဘာသာ ဘဲကလေး ရေကူးနေပုံကို ဆွဲကြည့်၏။ တူနေသည်။ သည်တော့ နောက်ထပ်ဘဲကလေးတွေ ကျွန်တော့်ကျောက်သင်ပုန်းပေါ် ရေလာကူးကြတော့၏။

တစ်နေ့။ ကျွန်တော် ကျောက်သင်ပုန်းပေါ် ဘဲကလေးတွေ ဆွဲနေခဲ့သည်မှာ အချိန်မည်မျှ ကြာသွားသည် မသိ။ ကျွန်တော် ခေါင်းပြန်မော့လိုက်တော့ ကျွန်တော့်သူငယ်ချင်းတွေ၏ ခေါင်းတွေက ကျွန်တော့်ဘေးမှာ ဝိုင်းလျက်။ ပြီးတော့ သူတို့နောက်မှာ ကိုယ်ကို ငုံ့ကိုင်းပြီး လှမ်းကြည့်နေသည့် ဆရာမ။

ကျွန်တော် ကြောက်ကြောက်နှင့် ကျောက်သင်ပုန်းပေါ်က ဘဲရုပ်ကလေးတွေကို အမြန် ပြန် ပွတ်ဖျက်ပစ်လိုက်တော့ ဆရာမက ပြုံးသည်။

"သားက အရုပ်ဆွဲတာ ဝါသနာပါလို့လား"

ကျွန်တော် အမြန် ခေါင်းညိတ်ပြခဲ့သည်။ ထို့နောက် ဆရာမသည် စာသင်ချိန် အားသည်နှင့် ကျွန်တော့်ကို အရုပ်ကလေးတွေ အဆွဲသင်ပေးသည်။ ကျွန်တော့်ကိုယ်ထဲ ပန်းချီပိုးက ကျွန်တော် မသိခင်မှာပင် ဝင်ရောက်နေရာ ယူခဲ့လေပြီ။ အမေ ဝယ်ဝယ်ပေးသည့် ရွှေသွေးထဲက ပုံတွေကို ကူးဆွဲသည်။ တတိယတန်း ဖတ်စာအုပ်ထဲက မဟာဗန္ဓုလ မြင်းစီးရုပ်ကြီးကို ကူးဆွဲသည်။ ဗောဓိပင်မှာ တရားကျင့်နေသည့် ဘုရားပုံတော်တွေ၊ ဆင်ပုံတွေ။

သည်လိုနှင့် တတိယတန်းမှာပင် အတန်းဖော် သူငယ်ချင်း တစ်ယောက်က သူတို့နေသည့် လမ်းထဲက အိမ်ကြီးတစ်အိမ်ကို ခေါ်သွားခဲ့သည်။ သူက "မုန့်သွားယူရအောင်... မင်း လိုက်ခဲ့" ဟု ခေါ်သည်။ အဘိုးကြီးက သူ့အိမ်အောက်ထပ်ရှိ ဝရန်တာလေးထဲမှာ ပန်းချီ ထိုင်ထိုင်ဆွဲနေသည်။ မျက်မှန်ထူထူ၊ မုတ်ဆိတ်မွေးတွေ တွဲကျနေသော အဘိုးကြီးကို အဝေးက ကြည့်ပြီး ကျွန်တော် ပြန်ပြေးချင်နေခဲ့၏။ သို့သော် ကျွန်တော့်သူငယ်ချင်းက မကြောက်။

"ဘဘကြီး... "

သူငယ်ချင်း အသံကြားတော့ အဘိုးကြီးက ပန်းချီဆွဲနေရာမှ လှည့်ကြည့်သည်။

"ဩ... မျက်နှာလာပြတာပေါ့... ဟုတ်လား... အဖော်တောင် ခေါ်လာသေး... ဟဲ... ဟဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


အဘိုးကြီးက ရယ်လိုက်ပြီး သူ့ဘေး လက်တစ်ကမ်းမှာ ရှိနေသည့် မုန့်ပုံးထဲသို့ လက်နှိုက်လိုက်၏။

"ရော့... လာယူကြ... "

ကျွန်တော်တို့နှစ်ယောက် အဘိုးကြီး ပန်းချီဆွဲနေရာ ဝရန်တာထဲ တက်သွားကြသည်။ သူငယ်ချင်းက အဘိုးကြီး လက်ထဲက ချိုချဉ်လုံးတွေကို လှမ်းယူပြီး ကျွန်တော်က အဘိုးကြီး ဆွဲလက်စ ပန်းချီကားကို ကြည့်နေမိသည်။ ပန်းချီကားထဲမှာ တောင်တွေ၊ သစ်ပင်တွေကို မြင်ရသည်။

"ဒီကောင်ကလဲ ကျောင်းမှာ ပန်းချီဆရာပဲ ဘဘကြီး"

ကျွန်တော့်သူငယ်ချင်းက မမျှော်လင့်ဘဲ ပြောချလိုက်တော့ ကျွန်တော့် မျက်နှာ ရေနွေး ဖျန်းလိုက်သလို လန့်ခနဲ ဖြစ်သွားသည်။ အဘိုးကြီးက မရယ်မပြုံး ခပ်တည်တည်နှင့် ကျွန်တော့်ကို အကဲခတ်သလို ကြည့်သည်။

"အံမယ်... ဒါဆို... ရော့... ကြိုက်တဲ့ပုံ တစ်ပုံ ဆွဲပြစမ်းကွာ"

ကျွန်တော့်ရှေ့ ခဲတံတစ်ချောင်းနှင့် စာရွက်လွတ်တစ်ရွက် ထိုးပေးသည်။ ကျွန်တော်လည်း တုံ့ဆိုင်းမနေတော့ဘဲ ကျွန်တော် မကြာမကြာ ဆွဲနေကျ ရှမ်းတောင်တန်းကြီး နောက်ခံ၊ အင်းလေး ပုံတစ်ပုံ ကောက်ဆွဲပြလိုက်၏။ မတ်တတ် ရပ်လျက် လှေလှော်နေသော အင်းသားကြီးပုံပင် ထည့် လိုက်သေးသည်။ ပြီးတော့ ရှမ်းရိုးမ တောင်တန်းကြီး၏ အထက်မှာ အိမ်ပြန် ငှက်ကလေး နှစ်ကောင်။

"အံမယ်... ထမင်းဝေ်မယ့် အလောင်းအလျာလေး တစ်ယောက်တော့ တိုးလာပြန်ပြီဟေ့"

အဘိုးကြီးက ခပ်တည်တည်ကြီးနှင့် ပြောသည်။

"မင်း ပန်းချီသင်ချင်လား။ သင်ချင်ရင် မနက်ဖြန် မိဘခေါ်ပြီး ပြန် လာခဲ့"

အဘိုးကြီးက သူ ပြောချင်တာ ပြောပြီးသည်နှင့် သူ ချထားသည့် စုတ်တံကို ကောက်ကိုင်လိုက်သည်။ ဆေးစပ် သစ်သားပြားပေါ် စုတ်တံနှင့် မွှေ လိုက်၏။ ပြီးတော့ စုတ်တံကို ကင်းဗတ်ပေါ် ကောက်တင်လိုက်သည်။ ကျွန်တော် တို့ သူ့ဘေးမှာ ရှိသည်ကိုပင် သူ သတိရပုံ မပေါ်တော့။

ကျွန်တော်ကတော့ ရင်တွေ ခုန်နေခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်နေ့မှာ အမေက အဘိုးကြီးဆီ လိုက်ပို့ပေးခဲ့၏။ တစ်ပတ်မှာ နှစ်ရက်။ ကျောင်းပိတ်ချိန် စနေနှင့် တနင်္ဂနွေတိုင်း အဘိုးကြီးဆီ သွားရသည်။ နောက်တော့မှ အဘိုးကြီးသည် ရန်ကုန် ပန်းချီလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ပြီး တစ်စုံတစ်ခုမကသော စိတ်ပျက်ဖွယ်ရာများကို ထွေးပိုက်၍ ဇာတိတောင်ပေါ်မြို့ကလေးဆီ ပြန်လာခဲ့သူ ဖြစ်မှန်း သိခဲ့ရလေသည်။ သူသည် ကျွန်တော့်ပန်းချီ လက်ဦးဆရာ ဖြစ်လာသော်လည်း ကျွန်တော်ကတော့ အရပ်ထဲက မုန့်လာလာတောင်းတတ်သော ကလေးများကဲ့သို့ပင် "ဘဘကြီး" ဟုပင် ခေါ်ခဲ့လေသည်။

ဘဘကြီးက လိုင်းတွေ၊ Tone တွေ၊ အရောင်တွေ အကြောင်း၊ အနီးအဝေးတွေအကြောင်း သင်ပေးခဲ့သည်။ ကျွန်တော် ပုံတစ်ပုံ ဆွဲပြီး၍ ပြတိုင်း ဘဘကြီးဆီက စကားတစ်ခွန်းသာ ကြားရတတ်လေ့ရှိသည်။

"ကောင်လေး... ဒီလောက်နဲ့ မရသေးဘူး" တဲ့။

အခုတော့ ကျွန်တော့်ဆရာ ဘဘကြီး၏ စုတ်တံကိုင်သော လက်ကိုမှ မလှုပ်ရှားနိုင်အောင် ဖြစ်ခဲ့ရပြီတဲ့။

ညက တော်တော်နှင့် အိပ်မပျော်။ ဝရန်တာဘက် ထွက်ပြီး မျက်နှာချင်းဆိုင် တိုက်ခန်းများနှင့် လမ်းကိုသာ လျှောက်ကြည့်နေခဲ့၏။ လမ်းဘေးတစ်လျှောက်မှာ စီရပ်ထားသည့် ကားတွေ။ ဖီးလ်ဂျက်ကက် စစ်စိမ်းရောင် ဝတ်ထားသည့် ကားပါကင် စောင့်သူက တစ်ချက်တစ်ချက် ဖြည်းဖြည်းချင်း ဖြတ်လျှောက်သွားနေသည်။

ဆေးလိပ်သောက်တတ်ရင် ကောင်းမှာပဲဟု ကျွန်တော့်ဘာသာ တွေးမိလိုက်သည်။ သို့သော် ကျွန်တော်မှာ ဂက်စ်မီးခြစ်တစ်လုံး ရှိနေသည့်တိုင်အောင် စီးကရက်တိုကလေးပင် ရှိမနေခဲ့။

✿

ကျွန်တော့်ကို အမေ စကား စသင်ပေးသာအခါ ဘိုးဘိုး၊ ဘွားဘွား၊ အမေနှင့် ဦးဦး ဟူသော စကားလုံး လေးလုံးသာ ဖြစ်သည်ကို နောက်ပိုင်းမှာ ကျွန်တော် သတိထားခဲ့မိသည်။ ထို့အတူ ကျွန်တော့်ကို မွေးဖွားခြင်း မပြုမီကပင် ကျွန်တော့်ဘဝမှာ အဖေ မရှိခဲ့ကြောင်းကိုလည်း ဆယ်စုနှစ်တစ်ခုနီးပါး နောက်ကျခဲ့ပြီးမှ သိခဲ့ရ

mgyoe.com

mgyoe.com

ပါသည်။ သို့သော် ဘိုးဘိုး၊ ဘွားဘွားနှင့် အမေတို့သည် ကျွန်တော့်အတွက်၊ ကျွန်တော့်ကမ္ဘာငယ်လေးအတွက် ပြီးပြည့်စုံနေကြသည်ဟု ကျွန်တော် ခံစားခဲ့ရသည်။ အိမ်စီးပွားရေးကို ဦးဆောင်နေရသည့် ဦးဦးကတော့ သူ့ ကျွမ်းကျင်သော ကျောက်မျက်လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆိုင်ကယ် တစ်စီးဖြင့် ပြေးလွှားနေတတ်သူ။

တစ်နေကုန် ဘိုးဘိုးနှင့် ဘွားဘွားတို့၏ လက်ပေါ်တွင် နေထိုင်ခဲ့ရင်း ညနေရှုံးဆင်းချိန်ဆို ပြတင်းပေါက်မှာ ရပ်၍ တောင်ကုန်းနိမ့်မြင့် လမ်းသွယ်သွယ်လေးကို လှမ်းငေးနေမိတတ်သည်။ မိုးကုတ် ဆိုသော်လည်း ကျွန်တော်တို့ ရပ်ကွက်မှာ မိုးကုတ် အနောက်ပိုင်းရှိ ကျပ်ပြင် ဆိုသော ရပ်ကွက် တစ်ခု ဖြစ်ပြီး ပိုမိုကျယ်ဝန်း၊ ပိုမိုစည်ကားသော မိုးကုတ် အရှေ့ပိုင်းနှင့် ယှဉ်လျှင် ဆိတ်ငြိမ်၍ အိပ်မက်ဆန်ဆန် လမ်းသွယ်ကလေးများရှိရာ မြို့ငယ်ကလေးတစ်မြို့နှင့် ပိုတူနေလေသည်။

ကျွန်တော် ငယ်ငယ်ကတည်းက အိမ်ပြတင်းပေါက်မှ နေ၍ မြို့ကလေးကို ငေးကြည့်ရသည်ကို စွဲလမ်းသည်။ အညိုရောင် နံရံများနှင့် အိမ်မြင့်မြင့်ကလေးတွေက မြို့ကလေး၏ မြေမျက်နှာသွင်ပြင်အလိုက် ဟိုမှာ နိမ့်လိုက်၊ သည်မှာ မြင့်လိုက်။ လမ်းလေးတွေက ပြောင်စင်နေတတ်ပြီး လမ်းသွယ်ကလေးတွေကလည်း မြင့်တက်သွားလိုက်၊ နိမ့်ဆင်းသွားလိုက်။ ပြီးတော့ မြို့ကို မိုးထားသလို ဖြစ်နေသည့် တောင်တွေ၏ အရိပ်စိမ်းညို့ညို့များ။

ညနေ ရှုံးဆင်းချိန် ဆိုလျှင် ကျွန်တော်တို့ အိမ်ရှေ့ လမ်းသွယ်ကလေးအတိုင်း အင်္ကျီအဖြူ၊ လုံချည်အပြာရောင်နှင့် ပုံသဏ္ဌာန် တစ်ခု ပုံမှန်ခြေလှမ်းလေးများဖြင့် လမ်းလျှောက်လာလေ့ရှိမြဲ။ ထိုပုံသဏ္ဌာန်မှာ အမေပဲဖြစ်သည်။ အမေ့ပုံသဏ္ဌာန်မှာ တည်ငြိမ်အေးဆေးသည့် ဟန်ထက် လောကဓံ၏ အဆုံးအမကို အချိန်စောစီးစွာ ခံယူခဲ့ရပြီး ခေါက်ရိုးကျိုး သေဝပ်သွားသည့် အမျိုးသမီးငယ်ကလေး တစ်ယောက်ဟန်သာ ထင်ရှားနေတတ်လေသည်။ အမေ့လက်ထဲမှာက ကြိမ်ဆွဲခြင်းကလေး။

အမေ အိမ်ထဲ ရောက်သည်နှင့် ထိုကြိမ်ဆွဲခြင်းကလေးကို ကျွန်တော် မွှေနှောက်တတ်သည်။ ရေဘူးကလေးတစ်ဘူး၊ နှစ်လုံးဆင့် စတီးလ်ထမင်းချိုင့်ကလေး တစ်ခု၊ ရှောက်သီးဆေးပြား ဘူးကလေး၊ စာအုပ်တချို့နှင့် ဘောလ်ပင်

mgyoe.com

mgyoe.com

များထည့်ရာ ပိုက်ဆံအိတ် ရှည်ရှည်မျောမျောကလေး။ ထိုအထဲမှာမှ ငွေစက္ကူ တချို့။ ပြီးတော့ ကျွန်တော့်အတွက် မုန့်တစ်ခုခု။

အဖြူရောင်၊ အပြာရောင်၊ ကြိမ်ဆွဲခြင်းကလေး၊ ရေဘူး၊ စတီးလ် နှစ်လုံးဆင့် ထမင်းချိုင့်၊ စာအုပ်တချို့နှင့် ပိုက်ဆံအိတ်ရှည်ရှည်ကလေး။ ဒါ - အမေ့အိမ်ပြန်ချိန်။ ကျွန်တော့်စိတ်ထဲ စွဲနေသည့် အမေ့အိမ်ပြန်ချိန်။ အမေ့ အိမ်ပြန်ချိန်ဆို ကျွန်တော် သည်အရာတွေကိုပဲ စိတ်ထဲ မြင်နေရတတ်သည်။

မြို့ကလေးမှာ အရွယ်ရောက်သည်နှင့် ကျောက်မျက်ရတနာတွေ အကြောင်း တတ်မြောက်သွားကြသူတွေက များသည်။ ကျွန်တော်ကတော့ မြေတွင်းထဲက ထွက်လာကြသော ကျောက်တုံး အရောင်များထက် စုတ်တံဖျား တစ်လျှောက် ထင်ကျန်ရစ်ခဲ့သည့် အရောင်များကိုသာ စွဲလမ်းယစ်မူးခဲ့ရ၏။

သည်လိုနှင့်... ။

မမဝေ။ မမဝေ။ မမဝေ... ။

ကျွန်တော့်ထက် ငါးနှစ်ခန့်ကြီးသော မမဝေ။ ကျွန်တော် ငါးတန်း ရောက်တော့ မမဝေက အချိတ်လုံချည်ကို ထောင့်တောင့်တောင့်နှင့် ဝတ်ပြီး အပျိုကြီးဟန် လုပ်ခါစ။ ဆံပင်ကုပ်ဝဲလေးက မမဝေနှင့်မှ ပိုလိုက်ဖက်နေသည်။ မမဝေက ဟိုနားသည်နား လမ်းလျှောက်သွားစရာရှိလျှင် ကျွန်တော့်ကို အဖော် ခေါ်သွားမြဲ။ လမ်းလျှောက်ရင်း မမဝေက ကျွန်တော့်ပခုံးပေါ် လက်တစ်ဖက်ဖြင့် ဖက်ထားလျှင် ကျွန်တော့်အချိန်တွေက သာယာနေတတ်၏။ မမဝေ လက်ကလေး ကျွန်တော့်ပခုံးပေါ်က ပြုတ်ကျသွားမှာ စိုးရိမ်စိတ်ဖြင့် ကျွန်တော် အတတ်နိုင် ဆုံး ခန္ဓာကိုယ်ကို တည်ငြိမ်အောင် ကြိုးစားထားလေ့ ရှိသည်။ မမဝေကို တချို့ ယောက်ျားလေးတွေ ကြည့်လျှင် ကျွန်တော် မခံချင်။

တကယ်တော့ ကျွန်တော်သည် မမဝေကို အမြဲတစေ တွေ့နိုင်သည် မဟုတ်။ မိုးကုတ်အရှေ့ပိုင်းမှာ နေသည့် မမဝေတို့ မိသားစု ကျွန်တော်တို့အိမ် အလည်လာသည့် နေ့တချို့မှာသာ တွေ့နိုင်သည်။ ဆွေမျိုး မတော်စပ်သော် လည်း ဆွေမျိုးတွေလို နေထိုင်ကြသူတွေမို့ မမဝေတို့ ရောက်လာလျှင် ညအိပ် ညနေ နေပြီးမှ ပြန်သွားတတ်ကြမြဲ။

မမဝေ ရောက်လာလျှင် ကျွန်တော့်မှာ ဘုရားသခင်ပေးသော သူငယ်ချင်း တစ်ယောက် ရလိုက်သလို။ ဦးဦး အလုပ်အားချိန် တီးတတ်သည့် ဂစ်တာသည်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်နှင့် မမဝေတို့၏ ကစားစရာ ပစ္စည်းတစ်ခု။ ကျွန်တော်တို့ အိမ်ရှေ့က ဗာဒံပင်ကြီးအောက်မှာ ဘာကြောင့်မှန်းမသိ နှစ်ကာလအတန်ကြာ လဲလျောင်းနေသည့် သစ်တုံးကြီး တစ်တုံး ရှိခဲ့သည်။ မမဝေနှင့် ကျွန်တော်တို့ ထိုသစ်တုံးကြီးပေါ် သွားသွားထိုင်တတ်ကြသည်။

"ကဲ ဇေဇေက သီချင်းဆို ၊ မမက ဂစ်တာတီးမယ်"

မမဝေက တကယ့် ဂစ်တာတီးတတ်သူကြီးဟန်ဖြင့် သူ့အရပ်ထက် အနည်းငယ်သာ နိမ့်သော ဂစ်တာကြီးကို သူ့ပေါင်ပေါ် တင်လိုက်သည်။ ပြီးလျှင် ဖလက်တံပေါ်ကိုလည်း လက်က ဖိချင်သည့် နေရာဖိ၊ ကျန်လက်တစ်ဖက်ကတည်း ခတ်ချင်သလို ခတ်။

"မြို့ထဲ လမ်းမမှာ xxx ကားရောင်စုံများစွာ xxx တစ်စီးမှ ကိုယ်မပိုင်ပါ"

ကျွန်တော်က ဦးဦး ဖွင့်တတ်သော ကက်ဆက် သီချင်းတွေထဲက ကျွန်တော် မှတ်မိသမျှကို လိုက်ဆိုသည်။

တောင်ပေါ်မြို့ကလေး၏ ညနေတွေသည် အမြဲတမ်းလိုလို အေးစိမ့်စိမ့်။ ညအမှောင်က ဗာဒံပင်ရိပ်အောက်မှာ ခပ်သိပ်သိပ်ကလေး ဖွဲ့တည်နေခဲ့သည်။

ညနေတွေ ... ညနေတွေ ...။ တစ်ခါတစ်ရံမှသာ ကျွန်တော့်ဘဝထဲ ရောက်လာတတ်သည့် ညနေတွေက ကျွန်တော့် ဘဝတစ်ခုစာ အလွမ်းတွေကို ဖြစ်တည်စေခဲ့လေသလား။

မမဝေတို့ ရောက်လာလျှင် စိတ်လှုပ်ရှားစွာ ပျော်ရွှင်နေတတ်သည့် ကျွန်တော်သည် မမဝေတို့ ပြန်သွားလျှင်တော့ သဲကန္တာရတစ်ခုထဲ ရုတ်တရက် ပြုတ်ကျသွားသလို ကျန်ရစ်နေခဲ့လေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

- ၆ -

တိုက်လှေကားမှ ဆင်းလိုက်သည်နှင့် အန်တီမျိုး မုန့်ဟင်းခါးရည်နံ့က သင်းခနဲ။ သူ့ပရိသတ်တွေက သူတို့မူပိုင်ဟန်အသီးသီးနှင့် အန်တီမျိုးဆိုင်မှာ ဝိုင်းနေကြဆဲ။

"ဟဲ့... ကိုဇေ... မုန့်ဘူးနော်... မောင်မိုး အကြော် ထပ်သွားယူပေးဦး။ တစ်လက်စတည်း ကျောက်မြောင်းဈေးထဲ ဝင်ပြီး နံနံပင် ဝယ်ခဲ့ဟေ့"

အန်တီမျိုးက ပါးစပ်က တရစပ်ပြောသလို လက်ကလည်း တရစပ် လှုပ်ရှားနေသည်။

တကယ်တော့ အန်တီမျိုး ဆိုင်ကလေးက ဖွင့်ထားသည်မှာ မကြာသေး။ ဦးတင့် သင်္ဘော ပြန်တက်သွားပြီးမှ ဖွင့်ခြင်း ဖြစ်သည်။ ဦးတင့်က သူ့မိန်းမကို အပြင်အလုပ် လုပ်တာ မကြိုက်။ သူ သင်္ဘောသွားနေခိုက် ကလေး နှစ်ယောက် အနားသာ နေစေချင်သည်။ သို့သော် ဦးတင့် သင်္ဘောပြန်တက်သွားပြီး နှစ်ပတ် အတွင်းမှာပင် အန်တီမျိုးက ကလေးတွေအတွက် အိမ်အကူ တစ်ယောက် ခပ်မြန်မြန် ငှားလိုက်သည်။ ပြီးသည်နှင့် သည်တိုက်ရှေ့တွင် နံနက်ချိန်ခါ မုန့်ဟင်းခါးဆိုင်လေး ပေါ်လာခဲ့လေသည်။

အန်တီမျိုးက အချက်အပြုတ် ဝါသနာ ပါသောကြောင့်လား မသိ၊ သူ့ မုန့်ဟင်းရည်က အစပ်တည့်သည်။ လက်မတို။ သည်တော့ သည်တိုက်ဝန်းကျင် သာမက၊ တစ်ဆင့်စကား တစ်ဆင့်နားနှင့် သိတာလမ်းဘက်ကပင် လာဝယ်တတ်

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြသေး၏။ တချို့ကလည်း လမ်းလျှောက်ထွက်ရင်း ကြုံသည်နှင့် ဝယ်သွား တတ်ရာက အကြိုက်တွေ့သွားပြီး နောက်မနက်တွေမှာတော့ သည်လမ်းဘက် ကို ရောက်လာရန် အန်တီမျိုး၏ ရန်ကုန်မုန့်ဟင်းခါးက အကြောင်းပြချက် တစ်ခု ဖြစ်လာခဲ့ပုံရသည်။

"ဟဲ့... ဟဲ့ . မမျိုးရေ... ပြောရဦးမယ်...ညကတည်းက ပြောချင်နေ တာ... "

မုန့်ဟင်းခါး ငုံ့စားနေဆဲ မဖြူ၏ အရေးတကြီး ရောက်လာသော အသံကြောင့် မော့ကြည့်လိုက်မိသည်။ မဖြူသည် သူ့ပုံစံအတိုင်း မုန့်ဟင်းခါး ပန်းကန်ကြီး ကိုင်လျက်။ ပါးစပ်ထဲ ထည့်ပြီးစ မုန့်ဟင်းခါးတွေကို ဝါးလျက်။ သူ့ဆိုင်ခင်းနေရာမှ အရေးတကြီး ပြေးလာခဲ့ပုံ ရသည်။

"ဟင်... အံမယ်လေး... မဖြူရယ်... ပြောစမ်းပါ... ကျုပ်လက်က မအားပေမဲ့ နားကတော့ အားတယ်... ပြော... ပြော... "

အန်တီမျိုးက မုန့်ဟင်းခါးပွဲကို ပါဆယ်ထုပ်နေရင်း အပြေးရောက် လာသော မဖြူကို မော့မကြည့်အားသေးဘဲ ပြောသည်။ အန်တီသီကလည်း လင်းလင်းအတွက် မုန့်ဟင်းခါး လာဝယ်နေရင်းက နားစွင့်သလို လှမ်းကဲကြည့် သည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ရန် ကြိုးစားသော်လည်း ကျွန်တော့် နားတွေက ပိတ်ပင်၍ မရ။

"ဟို ခုနစ်လွှာက ကောင်မလေးတွေက အဆိုတော်တွေတဲ့ဟဲ့"

"ဟင်..."

အန်တီသီက "ဟင်" ခနဲ ဖြစ်သွားသည်။

"အဆိုတော်ဆိုလို့ ဟို အဆိုတော်တွေလို မဟုတ်ဘူးနော်... သိတယ် မို့လား... သူတို့နာမည်လေးတွေကိုက ကာရန်ချို ... တဲ့... ဆည်းဆာ ... တဲ့... ဘာတဲ့ နောက်တစ်ယောက်က လရိပ်သူ... တဲ့ ..."

"ဟယ်... ဒါဆို... "

အန်တီသီက စိတ်ဝင်တစား လှမ်းရေရွတ်သည်။ နားမထောင်သော် လည်း အလိုလို ကြားနေရသည့် ကျွန်တော့်နားတွေကို ကျွန်တော် အပြစ် တင်ချင်လာ၏။ မဖြူအသံက တဖြည်းဖြည်း ပိုမိုတက်ကြွလာသည်။

"ဟို... ဟို အန်တီမိ ပြောတဲ့ ပျံလွှားမလေး နာမည်က အေမီတဲ့..."

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော့်ရင်ထဲ လက်သည်းရှည် တစ်စုံနှင့် ဆွဲဆိတ်ခံလိုက်ရသလို စစ်ခနဲ။ ဘာကြောင့်လဲ။ မနေ့ညနေ ကိုတိမ့်ဆိုင် ထိုင်နေဆဲ လိုက်ထရပ်ကားပေါ် တောက်တောက်ပြောင်ပြောင် ပြင်ဆင်ခြယ်သ၍ တက်သွားကြသည့် သူတို့အဖွဲ့က မျက်လုံးထဲ ပြန်မြင်လာသည်။

"မဖြူရယ်... နင်ပဲ ကြံကြံဖန်ဖန် အကုန်သိနေဘ်"

အန်တီမျိုးက အလုပ်များနေရင်း မဖြူကို မှတ်ချက်ပေးသည်။

"အိုး... မနေ့ညနေက သန့်စင်ထွန်း သူငယ်ချင်းဆိုင် ရောက်နေတုန်း သူတို့အဖွဲ့ကို သူတို့ ဆိုင်က လာကြိုတဲ့ကား ရောက်လာပါရောလား။ အဲဒီမှာ တွေ့သွားတာ။ အဲဒီကောင်က ကေတီဗီ ချိုး...ဟေ ဟေး... တို့တိုက်ကတော့ လာလိုက်မှဖြင့် သောက်ဆန်းတွေချည်းပဲ"

မဖြူစကားတွေက ကျွန်တော့်ကို မဆီမဆိုင် အနေရခက်စေ၏။ ဘာကြောင့်မှန်း မသိ၊ တစ်စုံတစ်ခုကို နှမြောတသစိတ်က အတွေးထဲ စိမ့်ဝင်လာသလိုလို။ ခင်ခင်မင်မင် နေခဲ့သော မဖြူကို မနှစ်မြို့စိတ်က ရုတ်တရက် ပေါ်လာပြန်သည်။

သည်အချိန်မှာပဲ ဦးဇော်ဝင်းနိုင် တစ်ယောက် ဖြုန်းဖြုန်းဖြင်းဖြင်း ဝင်လာပြီး ကျွန်တော့်ဘေးက ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်သည်။ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် မနက်ခင်း တက္ကစီထွက်ရန် အိမ်က စထွက်ချိန် ဆိုလျှင် သနပ်ခါးပါးပါး ပွတ်ထားတတ်လေ့ရှိသည့် သူ့နာမည် အစစ်မှာ ဦးဇော်ဝင်းနိုင် မဟုတ်မှန်း သိသော်လည်း သူ့နာမည်ရင်းကို ကျွန်တော် မသိပါ။ သည်တိုက်မှာ ဘယ်သူမှလည်း သူ့နာမည်အစစ်ကို ခေါ်သူမရှိ။ ရုပ်ရှင် သရုပ်ဆောင် ဇော်ဝင်းနိုင်နှင့် တူသောကြောင့် သည်နာမည်ကိုပဲ ခေါ်တွင် နေကြခြင်း ဖြစ်သည်။ ဦးဇော်ဝင်းနိုင် ပေါ့ပေါ့ပါးပါး သွက်သလောက် သူ့ အမျိုးသမီးဖြစ်သူ ဒေါ်မီးမီးကတော့ ဣန္ဒြေကြီးလွန်းလှသည်ဟု ပြောရမလိုပင်။ အန်တီမျိုးဆိုင်က အဖွဲ့တွေနှင့်လည်း ရောရောနှောနှော သိပ်မတွေ့ရတတ်။ တစ်ခါတစ်ရံ လှေကားအတက် အဆင်းဆုံတိုင်း သူ့ခန္ဓာကိုယ်ကြီးကို တအိအိ သယ်ဆောင်သွားတတ်သည့် ခပ်မင့်မင့် မျက်နှာဖောင်းဖောင်းကြီးကို တွေ့ရ တတ်မြဲ။ ဂျပန်မှာ အလုပ်လုပ်နေသည့် သမီးတစ်ယောက်နှင့်၊ စာသင်ခန်းနှင့် ဂိမ်းဆိုင်တို့တွင်သာ တစ်နေ့တာ အချိန်ကို အလှည့်ကျ ကုန်လွန်နေစေတတ်သော ၁၃ နှစ်အရွယ် သားကလေး တစ်ယောက် ရှိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"လုပ်စမ်းပါဦး... ငါ့အတွက် တစ်ပွဲ... ငါးဖယ်ပဲ ထည့် ..."

ကျွန်တော် မော့ကြည့်လိုက်တော့ ကျွန်တော့်ကို လှမ်းကြည့်သော သူ့မျက်လုံးတွေနှင့် သွားဆုံ၏။ ဦးဇော်ဝင်းနိုင်က ဖြဲခနဲ အားရပါးရ ပြုံးပြသည်။ ကျွန်တော့်ရင်ထဲ ပေါ့သွားသလိုလို ရှိသွားသည်။

"ကဲ... ပန်းချီဆရာလေး... အခု... ဘာရုပ်တွေ ဆွဲနေလဲ"

ဦးဇော်ဝင်းနိုင်က အရင့်အရင် မနက်တွေက နှုတ်ဆက်လေ့ ရှိသည့် မေးခွန်းကိုပင် ထပ်မေးလာ၏။ ကျွန်တော်ကလည်း အရင့်အရင် မနက်တွေက ဖြေနေကျ အဖြေကိုပင် ပေးလိုက်မိသည်။

"ဘာအရုပ်မှ မဆွဲပါဘူး အစ်ကိုကြီးရာ"

ကျွန်တော်က ခပ်ရွှင်ရွှင်ပြောရင်း ထိုင်ခုံက ထသည်။ ပြီးတော့ ကျောက်မြောင်းဈေး ကားမှတ်တိုင်ရှိရာဘက် ဆက်လျှောက်လာခဲ့သည်။ ပန်းချီဆွဲသည်နှင့် အရုပ်ဆွဲသည်ကို ခွဲခြားမသိသော သူ့ကို ကျွန်တော် မည်သို့မျှ ပြန်ရှင်းမပြခဲ့ပါ။ သို့သော် ကျွန်တော့်အတွေးထဲ နာမည်တစ်ခုက စွဲငြိ လိုက်ပါလာတော့၏။

အေမီ... အေမီ ... အေမီ တဲ့လား။

အေမီ ဆိုသော နာမည်နောက်က တစ်ဆက်တည်း လိုက်ပါလာသော အေမီ့ပုံရိပ်တွေကပါ မျက်လုံးထဲ မြင်ယောင်လာပြန်သည်။ တစ်စုံတစ်ခုကို နှမြောစိတ်က ကျွန်တော့်အတွေးထဲ ထပ်ဝင်လာပြန်၏။ ဘယ်လို နှမြောစိတ်ကလေးလဲ။ အလှဆုံး အရုပ်လေး၊ အပြစ်အနာအဆာ အကင်းဆုံး အရုပ်ကလေးဟု ယုံကြည်မြတ်နိုးနေမိရာက မထင်မှတ်ဘဲ ထိုအရုပ်ကလေးမှာ အက်ရာကလေး တစ်ခုကို တွေ့လိုက်ရပုံမျိုးလား။ ဒါက အက်ရာကလေးပဲလား။ ဒါမှမဟုတ် ကွဲရှဒဏ်ရာတွေနှင့် ကြွေရုပ်ကလေးလား။

ကျွန်တော် မသိတော့ပါ။ ကျွန်တော် မသိချင်တော့ပါ။

□

mgyoe.com

mgyoe.com SAMPLE BOOK

## - ၇ -

ကောက်ကြောင်းက ကွေ့ကွေ့ကောက်ကောက် ရှိလွန်းလှသည်။ မြင့်မောက်နိမ့်ချိုင့်နေသော ကောက်ကြောင်းတွေက ခွန်အားပါလှသည်။ မျက်နှာမမြင်ရဘဲ ကျောပေးနေဟန်မို့ သည်ပုံ၏ အလှသည် မျက်နှာပေါ်က မျက်လုံးအလှ၊ နှုတ်ခမ်းအလှ၊ နှာတံအလှတို့ကို ဖော်ပြသည် မဟုတ်။ သည် ကောက်ကြောင်းမျဉ်းတွေကပဲ အလှဖြစ်နေလေသည်။ သည်တော့ သည်မျဉ်းတွေကပဲ အဓိက အသက်ဓာတ်ဖြစ်နေသည်။ ပြီးတော့ အလင်းအမှောင် အနုအရင့်။ Tone အထူအပါး။ ပြောရလျှင် ခဲပန်းချီသမားတွေ အကြိုက်ဆုံး လက်အတွေ့ဆုံး မော်ဒယ်။

ပုံဆွဲခဲတံ ကိုင်ထားသည့် ကျွန်တော့်လက်ချောင်းတွေက ပုံဆွဲစက္ကူပေါ် ပြေးနေသည်။ ကွေ့လိုက် ဖြောင့်လိုက်။ ခဲတံထိပ်နှင့် ပုံဆွဲစက္ကူမျက်နှာပြင် ထိတွေ့ခြစ်မိသံက တဂျစ်ဂျစ်။ ပြီးတော့ Blender နှင့် ပွတ်ပေးရသည်။ ပြီးတော့ ခဲဖျက်။ ခဲဖျက်တုံးကလေး၏ ထိတွေ့မိရာတိုင်း အလင်းရောင်လေးတွေ တောက်ပသွားသည်က ခဲပန်းချီဆွဲနေသူအတွက် အရသာတစ်မျိုး။

ကျွန်တော် ခဲပန်းချီ ခြစ်မိသည့် အခါတိုင်းလိုလို ဆံပင်လို၊ မျက်လုံးလို အနက်ရောင် ပိုပေးရသည့် နေရာများအတွက် မီးသွေးမှုန့် သုံးလေ့ရှိခဲ့သည်။ မီးသွေးမှုန့်ကို စာရွက်ဖြူဖြူလေးပေါ် လိုသလောက် တင်၊ တစ်ရှူးစလေးနှင့်

mgyoe.com

 SAMPLE BOOK 

ပွတ်ခြေပေးပြီး စုတ်တံဖျား၊ သို့မဟုတ် ဂွမ်းစလုံးကလေးနှင့် တို့ တို့ယူပြီး လိုသောနေရာမှာ ပွတ်ပေးရသည်။ သို့သော် မီးသွေးမှုန့်က ခဲဖျက်နှင့် အလင်း ဖောက်လျှင် သိပ်မထိရောက်တတ်။ သည်ပုံကိုတော့ မီးသွေးမှုန့် မသုံးဘဲ အကုန်လုံး ဂျာမနီက ထုတ်သည့် stedllar ခဲတံတွေကိုပဲ ခဲတံထိပ် ပွိုင့် အရွယ် အစား အမျိုးမျိုးနှင့် ခဲပြန့်သွားအောင် ပွတ်ပေးရသည့် Blender ကိုပဲ သုံးလိုက် သည်။

နားလိုက်၊ ခဲဆက်သွင်းလိုက်၊ လိုသည့်နေရာလေး ထပ်ဖြည့်လိုက်နှင့် အဝတ်မဲ့ ကျောပြင်ပေါ် ဖရိုဖရဲကျနေသည့် ဆံနွယ်လေးတွေကို အဆုံးသတ် ထည့်ပြီးသောအခါမှပင် ဗညားဒလလမ်းမဘက် တစ်ချက်တစ်ချက် ကြားရ တတ်သည့် ကားသံတွေမှ လွဲ၍ ည၏ တိတ်ဆိတ်နေမှုကို သတိထားမိလိုက် သည်။ လွန်ခဲ့သော ရက်အတော်ကြာကြာက အောက်လိုင်း ( out line ) ကောက် ထားခဲ့သော ပုံလေးကို ညနေ ကိုတိမ်တို့ စာအုပ်ဆိုင်က ပြန်တက်လာပြီး ကတည်းက ခဲ စသွင်းခဲ့ခြင်းပင်။

နာရီကြည့်လိုက်တော့ ည ၁၂ နာရီ ကျော်ပြီ။ ဒါဆို ဘယ်လောက် ကြာသွားလဲ။ လေးနာရီလား။ အနည်းဆုံး သုံးနာရီအကျော်တက်တော့ ရှိလိမ့်မည်။

ပုံအောက်မှ ပုံဆွဲဘောလ်ပင်နှင့် Beauty Of Back ဟု ခပ်သော့သော့ ရေးပြီး ကျွန်တော့် လက်မှတ်ကလေး ထိုးလိုက်သည်။ ချုပ်ဆေးဘူး ယူ၍ ပုံပေါ် ဖျန်းလိုက်သည်။ ပြီးသည်နှင့် ဆွဲပြီးသော ပုံကို စာအုပ်မှ မဖြုတ်တော့ဘဲ တခြား ပုံတွေလိုပင် စာအုပ်ထဲ ထည့်ပိတ်ထားလိုက်၏။

တကယ်တော့ ကျွန်တော် ခဲပန်းချီ မဆွဲဖြစ်သည်မှာ ကြာပြီ။ သို့သော် တစ်ခါတလေ စိတ်ကြိုက်ပုံ တွေ့လျှင်တော့ မနေနိုင်။ ပြီးလျှင် မည်သူ့ကိုမျှ မပြဖြစ်။ အနည်းဆုံး ပေါင်ထည့်ခြင်းပင် မလုပ်တော့ဘဲ ပုံဆွဲစာအုပ်ထဲ သည် အတိုင်း ထားလိုက်သည်။ သည်လိုနှင့် သည်စာအုပ်ထဲ စိတ်အာသာပြေ ဆွဲ ဆွဲထားသည့် ခဲပန်းချီတချို့ပင် စုမိနေပြီ။

သည်ပုံတွေကိုသာ ကျွန်တော့်ဆရာ ဘဘကြီးတွေ့ရင် မည်သို့ ပြောလေ မလဲ ဆိုသည်ကို ကျွန်တော် ကြိုသိနေ၏။ "ကောင်လေး... ဒီလောက်နဲ့ မရသေး ဘူး" ဟုသာ ပြောနေကျအတိုင်း ပြောပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုင်ရာမှ ခါးဆန့်လိုက်ပြီး ဝရန်တာဘက် ထွက်လာခဲ့သည်။ ကျွန်တော် အကြိုက်ဆုံး နေရာကလေး။ လွန်ခဲ့သော တစ်လခန့်က ဝရန်တာမီးလုံး ကျွမ်းနေသည်ကို သိခဲ့ပြီးသော်လည်း မလဲဖြစ်ခဲ့သေးသောကြောင့် ဝရန်တာလေးက ခပ်မှောင်မှောင်။ လမ်းမီးအလင်း တချို့ကြောင့် အမှောင်တွေ သိပ်သည်းနေသည် မျိုးတော့ မဟုတ်။

ဝရန်တာပေါင်ပေါ် လက်ထောက်ပြီး ကျွန်တော့် မျက်လုံးတွေက မျက်နှာချင်းဆိုင် တိုက်ခန်းတွေ အပေါ်ဘက်ရှိ ကောင်းကင်ဆီ ဝေ့ခနဲ ရောက်သွားသည်။

တိုက်ခန်း ဝရန်တာတွေက သံပန်းတွေ အထပ်ထပ်။ သည်အခန်းလေးတွေထဲ လူတွေ နေထိုင်ကြပုံက တွေးကြည့်လျှင် အံ့သြစရာကောင်းသည်။ ပြင်ပမှ ဝင်လာနိုင်သည့် အန္တရာယ်တချို့ကို ကာကွယ်ရန် သံပန်းအထပ်ထပ် ကာရံထားကြပုံက သူတို့ကိုယ် သူတို့ အကျဉ်းပြန်ချထားကြသလို ဖြစ်နေကြသည်။ ပိုအံ့သြဖွယ် ကောင်းသည်မှာ သည်လို တိုက်ခန်းလေးတွေကိုပဲ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူကြရပြန်၏။ နောက်ထပ် ပို၍ အံ့သြဖွယ်မှာ လူတချို့သည် သူတို့ဘဝတစ်ခုလုံး အမှုန်အမွှားများ ဖြစ်သွားသည်အထိ အလုပ် လုပ်သွားကြသည့်တိုင် သည်လို တိုက်ခန်းကလေးတစ်ခန်းကိုပင် ပိုင်ဆိုင်သွားနိုင်ခြင်း မရှိခဲ့ကြခြင်းပင်။

အောက်ကို ငုံ့ကြည့်မိပြန်တော့ ရှင်းလင်းလျက်။ တံမြက်စည်းနှင့် လှည်းကျင်းထားသလိုကို ရှင်းနေခြင်း ဖြစ်သည်။ နေ့အချိန်လို ရွေ့လျားနေသည့် ကားတွေနှင့် တစ်စုံတစ်ရာဆီ မျှော်လင့်မောနေကြရင်း သွားလာ လှုပ်ရှားနေကြသည့် လူတွေ မရှိ။ လမ်းဘေးဝဲယာမှာ ရပ်ထားသည့် ကားတွေကတော့ အစီအရီ။

နေ့ခင်းဘက် မြင်ကွင်းလို အေရိုးဗစ်ကနေသည့် လင်းလင်း၊ သီချင်းဆိုနေသည့် လင်းလင်းကိုတော့ မတွေ့မြင်နိုင်။ လင်းလင်းကို မတွေ့ရတော့ တိုက်အောက် မြင်ကွင်းက ကွက်လပ် တစ်ခုလို ဖြစ်ဖြစ်နေတတ်တာကို အရင်ညတွေတုန်းကလိုပင် ကျွန်တော် ခံစားတွေးမိလိုက်ပြန်သည်။

ကြည့်နေရင်း ကားတွေကြားမှ လူတစ်ယောက် လှုပ်လှုပ် လှုပ်လှုပ် လမ်းလျှောက်နေသည်ကို တွေ့လိုက်ရသည်၊ ကားပါကင် စောင့်သည့် လူ။ လူရွယ်တစ်ယောက် ဖြစ်သည်။ သူ ဝတ်ထားသည့် စစ်စိမ်းရောင် ဖီးလ်ဂျက်ကက်ကြီးနှင့်

mgyoe.com

 mgyoe.com SAMPLE BOOK 

သူ့လက်ထဲ ကိုင်ထားသည့် လက်နှိပ်ဓာတ်မီးမှာ သူ့သင်္ကေတ ဖြစ်၏။ တချို့ အစောထဖြစ်သော မနက်ခင်းတွေမှာ သူ့ကို တွေ့ရတတ်သည်။ ထိုအခါတိုင်း အိပ်ရေးပျက်ထားသော မျက်လုံးတွေနှင့် နွမ်းနယ်နေသည့် မျက်နှာမျိုးကို သတိထားမိ၏။ ညဦးတွေမှာတော့ သူ့အလုပ်ခွင်ရှိရာ သည်လမ်းကလေးကို ရောက်လာရင်း မသိမ်းဆည်းရသေးသည့် မဖြူတို့ဆိုင်မှာ ထိုင်ထိုင်နေတတ်ပြန်သည်။ သူ ဘယ်ကလဲ ကျွန်တော် မသိသလို သူ့နာမည်ကိုလည်း မသိပါ။ သို့သော် မေးမြန်းစုံစမ်းရန်လည်း မလိုအပ်ပါ။ သူ ဘယ်က လာသည်ကိုလည်း မသိ။ ကျွန်တော့်မှာ သူ အချိန်ပိုင်း ထိန်းသိမ်း စောင့်ရှောက်ရမည့် ကားတစ်စီးမှ မရှိဘဲ။ ဒါက ရန်ကုန်လူမှုရေး ပုံစံပင် ဖြစ်သည်။ သို့သော် သည်လမ်းကလေး၏ ညတွေမှာ သူ့ကို တွေ့နေကျ ဖြစ်သောကြောင့် သူ့ကို သည်လမ်းသား တစ်ယောက်လို့ပင် မြင်မြင်မိလာ၏။

သည်အချိန်မှာပင် ဗညားဒလလမ်းဘက်မှ ကျွန်တော်တို့ လမ်းထဲ ချိုးဝင်လာသော ကားစက်သံကို ကြားလိုက်ရသည်။ နေ့ခင်း အချိန်ဆိုပါက သတိထားမိမည် မဟုတ်သော်လည်း သည်လို တိတ်ဆိတ်သော ညဥ့်သန်းခေါင်ယံမှာတော့ လမ်းထဲသို့ ချိုးအကွေ့ ကားဘီးတာယာနှင့် ကျောက်စရစ်ခဲလေးတွေ ပွတ်တိုက်မိသံကအစ သတိထားမိလိုက်၏။

လှမ်းကြည့်လိုက်တော့ လိုက်ထရပ်တစ်စီး။ တစ်ဆက်တည်း ကြားလိုက်ရသည်က မိန်းကလေးတချို့၏ ရယ်သံတချို့နှင့် စီစီဝေဝေ စကားပြောသံ တချို့။ ကျွန်တော့်မျက်လုံးတွေက လမ်းထဲ ချိုးဝင်လာသည့် ကားကိုပဲ စိုက်ကြည့်နေမိသည်။ သည်အချိန်မှာ ကျွန်တော့်မျက်လုံးတွေကို ဆွဲဆောင်နိုင်သည်မှာ သည်ကားတစ်စီးပဲ ရှိသည် မဟုတ်လား။ ကားမီးရောင် အလင်းတန်းက ကျွန်တော်တို့ တိုက်ရှေ့အရောက် မှိန်ဖျော့သွားပြီး ကားလည်း ရပ်တန့်သွားသည်။ ကားခေါင်းခန်းက တံခါးတစ်ချပ် ပွင့်လာသည်။ ပြီးတော့ မိန်းကလေးတစ်ယောက်။ ပြီးတော့ နောက်ဘက်အခန်းမှ နေ၍ အလျှိုအလျှိုဆင်းလာကြသည့် မိန်းကလေး။ သူတို့အားလုံး ကိုယ်ခန္ဓာကောက်ကြောင်းတွေ ပေါ်လွင်နိုင်သမျှ ပေါ်လွင်အောင် ဝတ်ဆင်ထားကြသည်။ တချို့က ပေါင်တံတွေ ရှည်နိုင်သမျှ ရှည်အောင် လွတ်လွတ်လပ်လပ် ဖော်ပြထားကြပြီး တချို့က ရင်ဘတ်အပေါ်ပိုင်းနှင့် လက်မောင်းသားတွေကို ကမ္ဘာမြေလေထုနှင့် ပွင့်ပွင့်လင်းလင်း ထိတွေ့ခွင့် ပေးထားကြသည်။

mgyoe.com

mgyoe.com

ဆင်းလာသူတွေနှင့် ကားပေါ် ကျန်ရစ်နေသေးသည့် သူတွေ အချင်းချင်း အော်ဟစ်နှောက်ပြောင် စုဖွဲ့ရယ်မောသံတွေက လမ်းကလေး၏ သန်းခေါင်ယံ တိတ်ဆိတ်မှုကို အသိအမှတ်မပြုဘဲ လျစ်လျူရှုထားလိုက်ကြမှာ ထင်ရှားနေ သည်။

ဟင်... ။

တစ်ခဏအတွင်းမှာပင် သူတို့ ဘယ်သူတွေ ဖြစ်ကြသည် ဆိုတာ ကျွန်တော် တန်းခနဲ သိလိုက်ရသည်။ အေမီတို့ပါလား။ သည်ကားကလည်း ညနေချိန်တိုင်း သည်တိုက်ရှေ့ လာရပ်၍ အေမီတို့အဖွဲ့ကို လာကြိုသည့် လိုက်ထရပ်ပင် ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်၏။

ကား ပြန်ထွက်သွားသည်နှင့် အေမီတို့ တိုက်လှေကားထဲ ဝင်ရောက် ပျောက်ကွယ် သွားကြလေသည်။ ပြီးတော့ ခပ်သဲ့သဲ့ ကြားလိုက်ရသည့် ဒေါက် ဖိနပ်ခွာများနှင့် လှေကားထစ်များ၏ ထိတွေ့မိသံများ။

ဒါ - သူတို့ အလုပ်ပြန်ချိန်လား။ တစ်နည်းအားဖြင့် အစာရှာပြီး ပြန်လာကြချိန်ပေါ့။ သူတို့ အမဲလိုက်သွားကြတာလား။ ဒါမှမဟုတ် အမဲလိုက် ခံရန်အတွက် သားကောင်အဖြစ် သွားနေပေးကြရတာလား။ ဘာပဲဖြစ်ဖြစ် သားကောင် လုပ်ပေးရခြင်းအတွက် အခကြေးငွေ အနည်းငယ် သူတို့ ရပေလိမ့် မည်။ ပြန်တွေးကြည့်တော့ နှစ်ဦးနှစ်ဖက်လုံး မုဆိုးများ ဖြစ်ကြသလို တစ်ပြိုင်နက် တည်းမှာပင် သားကောင်များ ဖြစ်နေကြလေ၏။ သူတို့ဘက်က ကြည့်လျှင် လည်း အာရုံသာယာမှုအတွက် ပိုက်ဆံအိတ်ထူထူ ခါးကြားထိုး၍ ရောက်လာ ကြသည့် မဟာပုရိသတွေသည် သားကောင်။ မဟာပုရိသတွေ ဘက်မှာလည်း တိုတိုပြတ်ပြတ်ကလေးတွေ ဝတ်၍ မီးမှိန်မှိန် အမှောင်ရိပ်ထဲက သူတို့သည် သားကောင်။ အဲဒီလိုများလား။ ကျွန်တော် တွေးသလိုများလား။

သူတို့အကြောင်း တွေးနေရင်း သူတို့ခြေသံများနှင့် အရှိန်ထိန်းမရသေး သော စကားပြောသံ၊ ရယ်မောသံများက လှေကားထစ်တွေအတိုင်း တဖြည်းဖြည်း နီးကပ်လာနေ၏။ ခွာမြင့်ဒေါက်ဖိနပ်များ၏ လှေကားထစ်တွေပေါ် ထိတွေ့မိ လိုက်သံက လေးလေးလံလံ ရှိလွန်းလှသည်။ အသံတစ်ခုနှင့် တစ်ခုကြားမှာ အကွာအဝေး နည်းနည်းကျဲနေသည်ကို သတိထားမိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘာကြောင့်ရယ်မသိ၊ သူတို့ခြေသံတွေနှင့် စကားပြောသံတွေ ကျွန်တော်နှင့် တဖြည်းဖြည်း နီးကပ်လာလေလေ ကျွန်တော့်ရင်ခုန်သံတွေ မြန်လေလေ။ တစ်စုံတစ်ခု ဖြစ်ပျက်လာတော့မည်မှာ သေချာသည် ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်တော် စိတ်လှုပ်ရှားနေ၏။ ကျွန်တော့်မျက်လုံးတွေက ဝရန်တာနှင့် လှေကားခြားထားသည့် နံရံမှ အုတ်ကွက်လေးတွေကြားကိုပဲ စိုက်ကြည့်နေမိ လေသည်။

နောက်ဆုံးတော့ သူတို့ လှေကားထစ် တစ်ဆစ်ချိုးမှာ ဘွားခနဲ ပေါ်လာကြ၏။ ရေမွှေးနံ့လိုလို၊ ခေါင်းလျှော်ရည်နံ့လိုလို မွှေးရနံ့တစ်မျိုးက လှေကားဘက်မှတစ်ဆင့် ကျွန်တော်ရှိရာ ဝရန်တာဘက် ထိုးဖောက် ဝင်ရောက်လာလေသည်။

ပြောပြောဆိုဆို ရယ်ရယ်မောမော တက်လာကြသည့် သူတို့အုပ်စုထဲ ကျွန်တော် သေသေချာချာ သတိထားမိသည်က အေမီ့ ဆံပင်ရှည်ကြီး။ ရွှေရောင်တချို့ စွန်းထင်းနေသည့် ခါးအထိ ရောက်နေသော ဆံပင်ရှည်ကြီးကို သူ့ကို အများဆုံး မြင်တွေ့ရသည့်အတိုင်း နှစ်ဖက်ခွဲ စည်းနှောင်ထားလေသည်။ သို့သော် ဂျင်းဘောင်းဘီတိုတိုအောက်မှ ပေါင်တံဝင်းဝင်းလေးတွေကမူ မီးရောင်အောက်မှာ လင်းတောက်လျက်။

အေမီ။ အေမီ။

မရည်ရွယ်ဘဲ ကျွန်တော့်နှုတ်မှ နာမည်တစ်ခုကို အလိုလို ရေရွတ်မိနေ၏။ သူ့ကို လှေကား အတက် အဆင်းတွေမှာ တစ်ခါတလေ ဆုံနေကျ။ သည်လို ဆုံမိတိုင်း မကြည့်ဘူးဟု တင်းခံထားသည့်ကြားမှ အေမီ့မျက်နှာလေး၏ အပြစ်ကင်းစင် သန့်ရှင်းမှုကို ခံစားမိမြဲ။ အေမီ ဘာအလုပ် လုပ်သည်ဟု သိထားသည့်ကြားမှ၊ အေမီ ဆိုသည်နှင့် မျက်နှာရှုံ့မဲ့ကြသူတချို့ ရှိနေသည် ဆိုတာ သိထားသည့်ကြားမှ၊ အေမီ့နာမည်ကို ကြားလိုက်ရသည်နှင့် သားကောင်အနံ့ရသည့် တောခွေးတွေလို အူကြသော ယောကျ်ားတချို့ ရှိနေသည်ကို သိနေသည့်ကြားမှ...အပြစ်ကင်းစင်သည့် မျက်နှာလေးဟု ကျွန်တော် ဘာကြောင့်များ မြင်နေမိပါလိမ့်။

အခုကော... ။ အခုကော ...။

mgyoe.com

mgyoe.com SAMPLE BOOK

အခု ဒီညအတွက်ကော သူ့ဆံပင်ရှည်ကြီးတွေနှင့် ယောက်ျား ဘယ်နှယောက်ကို ကြိုးကွင်းပစ် ဖမ်းဆီးခဲ့ပါလိမ့်။ သည်ဆံပင်ရှည်ကြီးတွေကိုပဲ ယောက်ျားဘယ်နှယောက်က မြစ်တစ်မြစ်လို လက်ပစ်ကူးခပ်ခဲ့ပါလိမ့်။ ဒါမှမဟုတ် ယောက်ျား ဘယ်နှယောက်ကများ ...။

ကျွန်တော် ဆက်မတွေးရဲတော့။ တကယ်တော့ ဆက်မတွေးနိုင်တော့တာလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။ အေမီ့ကို ကျွန်တော် အကုန်မမြင်ရဲတာများလား။ စောစောက ပန်းချီပုံလေးတစ်ပုံ ဆွဲပြီး၍ ခံစားနေရသော အကြည်ဓာတ်လေး နောက်ကျိသွားရလေသည်။ ကျွန်တော် မြင်နေရသော ညသည် မှုန်ဝါးတုန်ခါနေလေပြီ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

- ၈ -

" .... လမ်းထဲ၌ မှီတင်းနေထိုင်ကြကုန်သော... အလှူ့ရှင်၊ အလှူ့အမ အပေါင်းတို့ ခင်ဗျား... နံနက် အရုဏ်ဆွမ်း လောင်းလှူနိုင်ရန်အတွက် ကျွန်တော်တို့ သီတာ လူငယ် ဆွမ်းလောင်း အသင်းမှ အလှူခံ... ရောက်လာပါပြီ ခင်ဗျား ..."

တိုက်ခန်းတွေပေါ် လည်ပင်းတစ်ဆုံး မော့ကြည့်၍ လည်ပင်းကြော တွေ ထောင်လာအောင် အော်ဟစ်လိုက်သော လူငယ်လေးတချို့၏ အသံက ကွဲကွဲရှရှနှင့် တိုက်ခန်းဝရန်တာပေါ်အထိ လွင့် လွင့်တက်လာနေသည်။ သူတို့ လက်ထဲမှာလည်း မောင်းထောင်ချိုင့်လေးတွေ ကိုယ်စီကိုင်လျက်။ အသက် ၂၀ ဝန်းကျင် လူငယ်ကလေးတွေချည်း ၁၀ ယောက်ခန့်တော့ ရှိမည်။ ရှပ်အင်္ကျီ အဖြူနှင့် ပုဆိုးကွက်စိပ်ကလေးတွေ တွဲဝတ်ထားကြသည်။ သူတို့အထဲ လူလတ် ပိုင်းအရွယ် တစ်ယောက်သာ ပါလေ့ရှိ၏။

မောင်းထောင်ချိုင့်လေးတွေ ကိုင်လျက် လမ်းဝဲယာ တိုက်ခန်းတွေပေါ် တမော့မော့ လျှောက်သွားရင်း အော်ဟစ် အလှူခံနေကြသည်။ တိုက်ခန်းတွေ ပေါ်မှ ငွေစက္ကူတွေ လွင့်လွင့်ကျလာတိုင်း အပြေးအလွှား ကောက်ယူတတ်ကြ သေး၏။ သူတို့ မောင်းထောင်ချိုင့်လေးတွေကို လှုပ်ခါလိုက်တိုင်း ကျောက်စရစ်ခဲ နှင့် မောင်းထောင်ချိုင့် ထိခိုက်မိသံ တချွပ်ချွပ်။

mgyoe.com